


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# သေနာပေါ်၍သေသည်

ဟောကြားသည့်နေ့
၁၄-၂-၆၀

၁၆၇

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# သေနာပေါ်၍သေသည်

( ၁၄. ၂. ၆၀ )

စာမူခွင့်ပြုချက်အမှတ် - ၇၀၂/၂၀၀၁(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၉/၂၀၀၁(၁၁)
ပုံနှိပ်ခြင်း - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀

ထုတ်ဝေသူ ဦးအောင်ချို၊ ( မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်သင်းသင်းကြိုင် ( မြ-၀၃၉၄၅ )
ဆန်းမြသီဂီ ပုံနှိပ်တိုက်
အမှတ် (၁၉၉)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၁၄၂၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# သေနာပေါ်၍သေသည်

ဟောကြားသည့်နေ့( ၁၄. ၂. ၆၀ )

ဘုန်းကြီးအသံကို ဒကာဒကာမတွေကြားကြမှာပဲ ကြားကြတယ်မို့လား . . (ကြားပါတယ်ဘုရား) အဲဒိကြားတာသည်ကားလို့ဆိုရင် မည်သူကကြားသလဲလို့ မေးလို့ရှိရင်ဖြင့် ယ္ခုဘဝ၊ ယ္ခုခဏမှာ ပဋိစ္စသမုပ္ပါဒ် အစလို့ မှတ်ကြစမ်းပါ။

## ကြားတဲ့စိတ်ကလေးကဘာပါလိမ့်

ကြားတဲ့စိတ်ကလေးက ဘာပါလိမ့်. . . (ပဋိစ္စသမုပ္ပါဒ် အစပါဘုရား) ဒါကြားတဲ့စိတ်ကလေး ဩော်. . . ဒါ အခုတိုက်ဆိုင်လို့ အခုပေါ်တာကိုး အခုမှ အင်း. . . သဒ္ဒါရုံ ရယ် သောတပသာဒရယ် တိုက်ဆိုင်လို့ ကြားစိတ်ဆိုတဲ့ သောတဝိညာဏ်စိတ်(ဝါ) ကြားစိတ်ကလေး ပေါ်သည် ဆိုတော့. . .

ဩော်. . . ဒီပေါ်ရုပ်မှစတဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ) ဒီပေါ်ရုပ်မှစတယ်နော်။

အဲတော့. . . သူချည့်ဖြစ်သလားလို့ မေးတဲ့အခါကျလို့ရှိရင် ဒကာဒကာမတွေက ဩော်. . . သူချည့်ဖြစ်တာ မဟုတ်ဘူး ကြားတဲ့စိတ်တင် ဖြစ်တာမဟုတ်ဘူး။

သူနဲ့ယှဉ်ဖော်ယှဉ်ဖက် ဖြစ်တဲ့၊ ဖြစ်ဖော်ဖြစ်ဖက် ဖြစ်တဲ့ နာမ်ရုပ်တွေနဲ့လည်း ဖြစ်တာပဲဆိုတာ မှတ်ထားလိုက်စမ်းပါ၊ ဒါဖြင့် ဝိညာဏ် **နာမ်ရုပ်ပေါ့လေ သဘောကျကြပလား** . . . (ကျပါတယ်ဘုရား)။

ဝိညာဏ်ပြီး **ဘာလာတုံး. . . (နာမ်ရုပ်လာပါတယ်** ဘုရား) အဲ. . . ကြားစိတ်ပြီးရင် **ကြားတဲ့သူနဲ့အတူတကွ** ဖြစ်ဖော်ဖြစ်ဖက် ဖြစ်တဲ့ နာမ်ရုပ်တွေ **လာတယ်လို့** မှတ်ထားပါ။

## ပေါ်မှန်းသိဖို့အရေးကြီးတယ်

ဒီလိုမှတ်ထားတော့မှ ဝိပဿနာ အစ ရလိမ့်မယ် ခုတော့ မေးစရာမလိုပါဘူးလို့ ဒကာဒကာမတွေမှတ်ပါ။ ကြားတဲ့စိတ်ကလေးက စပေါ်လို့ရှိရင် အင်း. . . ကြားတဲ့ ကိုယ့်ဟာကိုယ်သာ ပေါ်မှန်းသိဖို့သာ အရေးကြီးပါတယ်။

ပျက်မှန်းကတော့ သူ့ဟာသူ ပရမတ်ကပြောသွားလိမ့်မယ်ဆိုတာ စဉ်းစားထားပါ၊ နာမ်ရုပ်ပြီး သင်္ကာလ သဥ္ဇာယတန ဆိုတာလာမှာပါပဲ၊ ဓမ္မနိယာမပေါ့နော်. . . (မှန်ပါ)။

ဓမ္မက. . . တရား၊ နိယာမက. . . အမြဲတမ်း၊ သဥ္ဇာယတန လာလို့ရှိရင် ဖဿက လာမှာပဲဆိုတာ ဒကာဒကာမတွေ မှတ်ထားဖို့ပဲ။

## သုတ္တန်နည်း

ဖဿပစ္စယာ. . . (ဝေဒနာပါဘုရား) ဝေဒနာလို့ ဆိုတဲ့ဥစ္စာ ပြတော့ဖြင့် ဒါသုတ္တန်နည်းနဲ့ပြလို့ ငါမျိုးဖြစ်နေတယ်လို့ ဒကာဒကာမတွေမဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

ဒါက သုတ္တန်နည်း၊ သုတ္တန်ဆိုတာက ဒကာဒကာမတွေ ဒီလိုတန်းပြီးသင်္ကာလ ဖြစ်နေလို့ ပန်းများကို သိထား

သလို ငါးပွင့်ကြိုးကလေးနဲ့ သိထားတော့ကိုတဲ့ ပန်းကလေး ငါးပွင့် တန်းနေသလို တန်းနေတာ ဒါ သုတ္တန်လို့ခေါ်တယ်။

## အဘိဓမ္မာနည်း

အဘိဓမ္မာနဲ့ ပြောစမ်းပါဘုရားလို့ဆိုတော့ ဒီ ငါးခု ဟာ တစ်ပြိုင်တည်းဖြစ်တယ်လို့မှတ်ရမယ်၊ တစ်ပြိုင်တည်း ဖြစ်၍ တစ်ပြိုင်တည်းပျက်တယ်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)။

တစ်ပြိုင်တည်းဖြစ်၍. . . (တပြိုင်တည်း ပျက်ပါ တယ်ဘုရား) တစ်ပြိုင်တည်းပျက်တယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားပါ၊ ဒါက ဘယ်နှယ်ကြောင့် တန်း ပြပါလိမ့်မတုံး အို ဒါက သုတ္တန်နည်းနဲ့ တန်းပြတာ။

ဘယ်လိုနည်းနဲ့တန်းပြတုံး. . . (သုတ္တန်နည်းနဲ့ တန်း ပြတာပါဘုရား) အဘိဓမ္မာနည်းနဲ့ဆိုတော့ ဒီငါးခုက ဘာပါ လိမ့်. . . (တစ်ပေါင်းတည်းပါဘုရား) တစ်ပေါင်းတည်း ဖြစ် တယ်လို့ ဒကာဒကာမတွေက မှတ်ထားစမ်းပါ။

သုတ္တန်နည်းမို့ တန်းပြပါတယ် အဲတော့ကို သုတ္တန် နည်းနဲ့ အဘိဓမ္မာနည်းကိုလည်း ဒကာဒကာမတွေက ကွဲကွဲ ခြားခြားကလေး မှတ်ထားပါလို့ ဝိပဿနာအလုပ်မှာ စပြီး မူတည်နေလို့ သေသေချာချာပြောတယ်လို့ မှတ်ကြရမယ်

နော်. . . (မှန်ပါ)။

ဝိပဿနာမပါဘဲနဲ့၊ ဒကာဒကာမတွေ၏ ဒုက္ခဟူသ၍ သိမ်းတဲ့ ဝိပဿနာဉာဏ်မပါပဲနဲ့ ဒုက္ခသိမ်းတယ်ဆို မယုံကြနဲ့ မယုံကြနဲ့။

## ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်မရ

ဘယ်သူက ဘာပြောပြော မယုံနဲ့ ဟုတ်ကိုမဟုတ်သေးဘူး၊ ဒီဥစ္စာက ဘုရား ခွင်းချက်နဲ့ဟောတာကို နာနေရတယ်လို့ မှတ်ရမယ်၊ ခွင်းချက်မရှိဘဲနဲ့ဟောတာကို ပြောရလို့ရှိရင် ဝိပဿနာမပါပဲနဲ့၊ ဝိပဿနာဉာဏ်မပါပဲနဲ့ မဂ်မရနိုင်ဘူးလို့ ဆုံးဖြတ်ချက်ချ။

ဝိပဿနာဉာဏ်မပါဘဲနဲ့. . . (မဂ်မရနိုင်ပါဘူးဘုရား) မဂ်ဉာဏ်မရနိုင်ဘူးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဆုံးဖြတ်ချက်စစ်စစ်ချပါ။

ဩော်. . . ဒါ ဒို့အရေးတကြီးလုပ်ရမယ့် အလုပ်ဟာ ဘာပါလိမ့်မလဲဆိုတော့ ရှေ့သွားဝိပဿနာ၊ သူ့ကိုလုပ်လို့ရှိရင် နောက်က မဂ်ဉာဏ်လိုက်လာ လိမ့်မယ်ဆိုတာ မှတ်ပါ၊ ဝိပဿနာမဂ်မရှိဘဲနဲ့ လောကုတ္တရာမဂ် ဘယ်တော့မှ လာလိမ့်မယ်မဟုတ်ပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

တဲ့. . . ဒါဖြင့် ဒကာဒကာမတို့ ကြားတဲ့စိတ်ကနေ စလိုက်တာ ခု ငါးခု ရောက်မလာဘူးလား. . . (ရောက်လာပါတယ်ဘုရား) ငါးခုရောက်တော့ကို ဒါသူ့နောက်က ထုံးစံအတိုင်း နိယာမဆိုလို့ရှိရင်ဖြင့် တဏှာရယ် ဥပါဒါန်ရယ် ကံရယ် မလိုက်ပေဘူးလား. . . (လိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒီလိုလိုက်တော့ ဩော်. . . ဒီဥစ္စာ ကြားတယ်ဆိုရင် ရှစ် ကျအောင်သွားတာပဲလို့မှတ်လိုက်တာပေါ့ . . . (မှန်ပါ) ကြားတယ်ဆိုလို့ရှိရင် တစ် ကစပြီး ရှစ် ကျအောင်သွားတယ်။

မြင်တယ်ဆိုရင်ကော. . . (ရှစ်ကျအောင် သွားပါတယ်ဘုရား) ရှစ်ကျအောင်သွားတာပဲလို့ ဩော်. . . ဒါဖြင့် တဏှာ ဥပါဒါန် ကံ ကျအောင်ပဲ၊ ကြားလိုက်တယ် နံလိုက်တယ် မနေ့ကပြောတဲ့အတိုင်း ကြဲလိုက်တယ် စည်လိုက်တယ် ဆိုလို့ရှိရင် ဒီရှစ်ကျအောင်သွားတာချည့်ပဲ။

## တစ်နေ့ကံပေါင်းဘယ်လောက်များသလဲ

သွားတော့ ဒကာဒကာမတွေ ဒီကံပေါင်းဟာ တစ်နေ့ တစ်နေ့ကို အနန္တရှိလိမ့်မယ်ဆိုတာ ယုံကြပလား. . (ယုံပါတယ်ဘုရား) ကံဘယ်လောက်များမယ် ဆိုတာ ရေတွက်နိုင်ပါ့မလား. . . (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်တော့ကို ဘုန်းကြီးတို့ ဒကာဒကာမတွေ မှာကြားလိုက်တယ်ဆိုလို့ရှိရင် ရှစ်ခုဖြစ်ပြီလို့မှတ် နံ့လိုက်တယ်ဆိုရင်. . . (ရှစ်ခုဖြစ်ပါပြီဘုရား)။

ဪ. . . ဒါ ထုံးစံနော် ထုံးစံ ထုံးစံ ဒကာဒကာမတွေကတော့ မသိဘူးပေါ့ဗျာ ခု ဆရာဘုန်းကြီးကပြောတော့ ဒါ ဖြစ်စဉ်ကိုက်လို့ ဘုန်းကြီးတို့ဒကာဒကာမတွေက ဆုံးဖြတ်ချက်ချပါ။

ကြဲလိုက်တယ်ဆိုရင်လည်း. . . (ရှစ်ခုပါဘုရား) ရှစ်ခုပဲလို့ဆုံးဖြတ်ချက်ချပါ ကောင်းပြီ ဒီဥစ္စာ ဪ. . . ဒီလိုဆိုလို့ရှိရင် သတ္တဝါတွေဟာ အပါယ်လေးပါးက တက်စရာမရှိဘူး။

ဒီ တဏှာ ဥပါဒါန် ကံ၊ ကြားလိုက်တယ်ဆိုရင်ပဲ ကံရောက်သွားပြီ အင်း. . . နံ့ လိုက်တယ်ဆိုရင် ကံရောက်သွားပြီ မွှေးလိုက်တယ်ဆိုရင် ကံရောက်သွားပြီ။

စားလိုက်တယ်ဆိုရင် စားစိတ်ကလေး ဒီမှာပေါ်တယ် တော်ကြာ အစဉ်အတိုင်းသွားပြန်ပြီ ကံရောက်တာပဲ၊ တစ်နေ့ ကံပေါင်းဘယ်လောက် စုမိကြသလဲလို့ မေးလို့ရှိရင် တစ်နေ့တော့မမေးပါနဲ့ဘုရား။

မျက်လုံးပေါက်က ဖွင့်တိုင်းဖွင့်တိုင်း ဒီကံရောက်အောင်သွားနေတယ်လို့ ဆုံးဖြတ်ချက်ချကြစမ်းပါ. . .

(မှန်ပါ) မျက်လုံးပေါက်က ဖွင့်တိုင်းဖွင့်တိုင်း. . . (ဒီကံရောက်အောင်သွားနေပါတယ် ဘုရား)။

ဒီကံရောက်အောင် သွားနေတာပဲဆိုတာ သေချာကြပလား. . . (သေချာပါတယ်ဘုရား) ကောင်းပြီ ဒါဖြင့် ဒီကံရောက်အောင်သွားနေကြလို့ရှိရင်ဖြင့် ကမ္မ ဝိပါကသ၊ ကမ္မ ကံသည်၊ ဝိပါကသ အကျိုးပေးအားဆိုတော့. . .

ဩော်. . . ကံလုပ်ထားလို့ရှိရင် သေသည်၏ အခြားမဲ့၌ အကျိုးမပေးရဘူးလား. . . (ပေးရမှာပါဘုရား) ဒါဖြင့် ဒကာဒကာမတွေက ဒီဘဝ ကံ စုလာကြတာပေါ့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒီဘဝ ဘာလုပ်လာကြ. . . (ကံစုလာပါတယ်ဘုရား) ကံစုလာတယ်ဆိုရင်ဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နောက်ဘဝ အင်း. . . အကျိုးပေးတွေလာတော့မယ် မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အကျိုးပေးလာတော့ အကျိုးပေးဟာ ဘာတုံးဆိုလို့ရှိရင်ဖြင့် ဇာတိ၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား) ဇာတိပစ္စယာ. . . (ဇရာမရဏ) အင်း. . . ဒါတွေက အနာဂတ်မှာ အကျိုးမပေး ပေဘူးလား. . . (ပေးပါတယ်ဘုရား) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

အနာဂတ်မှာ ဘာဖြစ်မယ်. . . (အကျိုးပေးမှာပါ

ဘုရား) ဩော်. . . မျက်လုံးပေါက်ကနေ အကျိုးပေး၊ နား ပေါက်ကနေ အကျိုးပေး၊ နှာခေါင်းပေါက်ကနေ အကျိုးပေး၊ မနောပေါက်ကနေ အကျိုးပေး၊ ဘုန်းကြီးတို့ ဒကာဒကာမ တွေတဲ့ အပါယ်လေးပါးက တက်စရာများ မြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)။

## အပါယ်ပျောက်ဖျက်တဲ့နည်းကောင်း

မစိုးရိမ်နဲ့တဲ့ ဒီဥစ္စာ ဘုန်းကြီးက အားပေးသလားလို့ သူ့ဒကာဒကာမတွေမို့ အားပေးတာလို့ ဒီလိုမယူနဲ့ ဖျောက် နည်းကောင်းလို့ မစိုးရိမ်နဲ့ပြောတာ. . . (မှန်လှပါ) သဘော ကျပလား. . . (ကျပါတယ်ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်. . . (ဖျောက်နည်းကောင်း လို့ပါဘုရား) ဖျောက်ဖျက်တဲ့နည်းမှန်ရှိလို့ မစိုးရိမ်နဲ့လို့ပြော ပါတယ်. . . (မှန်ပါ) အဲတော့. . . ဒကာဒကာမတွေ ဖျောက် ဖျက်တဲ့နည်းက ဘာတုံးလို့ မေးဖို့လိုလာပါတယ်တဲ့။

အဲတော့. . . ဒီတရားတွေဟာ ဒကာဒကာမတွေ ဘာတရားတွေတုံး မေးလို့ရှိရင် ဒါတွေဟာ ဒါမြင်တာ ဘယ်သူတုံးဆိုတော့ မြင်တာဘယ်သူမှမဟုတ်ဘူး၊ ဒကာ ဒကာမတို့ ဒါမြင်စိတ်ပဲ မြင်စိတ်ပြီးတော့ နာမ်ရုပ်လာတာပဲ။

နာမ်ရုပ်လာပြီး သင်္ခါယတနလာ၊ သင်္ခါယတနပြီး

ဖဿ၊ ဖဿပီးတော့ ဝေဒနာ၊ ဝေဒနာပြီးတော့ တဏှာ၊ တဏှာပြီးတော့ ဥပါဒါန်၊ ဥပါဒါန်ပြီးတော့ ကံ၊ တော်ကြာ ပြန်လှည့်ပြန် ပြီး ဒီရောက်ပြန် မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ရောက်တော့ တစ်နေ့ အပတ်ပေါင်းဟာ ရေတွက်နိုင်ပါ့မလား. . . (မရေတွက်နိုင်ပါဘူးဘုရား) မရေတွက်နိုင်တော့ကို ဒကာဒကာမတို့သည် မရေတွက်နိုင်တာက ဘြော် . . . ဒါတွေဘာဖြစ်နေပါလိမ့်မတုံး လို့ဆိုတော့ ငါ မြင်လိုက်ကွာ မြင်လိုက်လည်း ငါဟာဖြင့် အင်း. . . လိုချင်ရချင်ရှိတာပဲ။

သွားပြီးပြောချင်ဆိုချင်ရှိတာပဲ၊ လိုချင် ရချင် ပြောချင်ဆိုချင် ဆိုတော့ ဒါတွေပါပဲ. . . (မှန်လှပါဘုရား) လိုချင်တယ် စွဲလန်းတယ် ပြောချင်ဆိုချင်တယ်ဆိုတာ ကာယကံ၊ ဝစီကံ . . . (မှန်ပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

**အဲတော့. . . မျက်လုံးပေါက်ကလည်း ဒကာဒကာမတို့ ကံပေါင်း အနန္တလာမှာပဲ. . . (မှန်ပါ) နားပေါက်ကကော . . . (ကံပေါင်း အနန္တပါဘုရား) နှာခေါင်းပေါက်ကကော. . (ကံပေါင်း အနန္တပါဘုရား)။**

## လူ့ပြည်အလည်လာကြတာ

ကံပေါင်း အနန္တလာမယ်ဆိုရင်ဖြင့် ဒကာဒကာမတွေ ကယ်မည့်ယူမည့်သူ မရှိဘူးဆိုရင်ဖြင့် ဘုရားမပွင့်လို့ ဆရာကောင်းသမားကောင်း မကြုံရင်တော့ဖြင့် ဒကာဒကာမတွေ ဒီဘဝ အလည်လာကြတာသာမှတ်ပေတော့ လူ့ပြည်နေ် . . . (မှန်လှပါ)။

တစ်ခါတည်း အပါယ်ဆင်းသွားမယ် ဒီဘဝ စုတေမနေ သေလွန်လို့ရှိရင် ဆရာကောင်းသမားကောင်းလည်း မတွေ့ဘူး ကယ်မည့်သူ ယူမည့်သူလည်း မတွေ့ဘူး ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ကံတွေသည် တကျော ဥပါဒါန်အုပ်ချုပ်တဲ့ကံတွေ ဖြစ်လေသောကြောင့် အပါယ်မှတစ်ပါး သွားစရာမရှိဘူး. . . (မှန်လှပါဘုရား)။

အင်မတန် ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား) မသိတဲ့လူမှာ ဒီလောက်မကြောက်ပါဘူး ဒကာဒကာမတို့၊ ဒီတဲ့မှုကြိုလ်မှာ စကားတစ်လုံးပြောလိုက်တယ် ပြောချင်တဲ့စိတ်ကလေး ပေါ်လာတယ်ဆိုလို့ရှိရင်ပဲ ကံရောက်အောင်သွားတော့တာပဲ. . . (မှန်လှပါ)။

တင်မတန် မဆိုးပါဘူးလား. . . (ဆိုးပါပါတယ်ဘုရား) ဒီတသံကြားလို့ပြောချင်လိုက်တာ၊ ဒီတနံ့လေးနဲ့လို့ ပြောချင်လိုက်တာ ဆိုလို့ရှိရင်ဖြင့် တနံ့နံတဲ့စိတ်ကြောင့်လည်း

ပြောချင်တဲ့ ဝစီကံလာတာပဲ။

ဒီဟာလေးစားပြီး သကာလ၊ ပြောချင်လိုက်တာ စားလို့ကောင်းတာလေး၊ အင်း. . . ဝစီကံက လာပြီ စားတာက တော့ ဒီက စားတာပဲ ပြောတာက ဝစီကံကနေ ပြောတာ၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ တစ်ခုစားလိုက်လည်း ကံမြောက်၊ နှစ်ခုစားလိုက်လည်း. . . (ကံမြောက်ပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဒီကံတွေကသာ အကျိုးပေးနေမယ်ဆိုလို့ရှိရင် ဖြင့် ကျွတ်ရေးလွတ်ရေး မြင်ကြသေးရဲ့လား. . (မမြင်ပါဘူး ဘုရား)။

## တရားကြိုးစားပြီးနာပါ

အင်မတန် ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား) အဲဒါကြောင့် တရားကြိုးစားနာပါ ဘုန်းကြီးတရားက ဒကာဒကာမတို့ကို နားလည်စေချင်တော့ တစ်ရက်တည်းနဲ့လည်း ဘယ်နည်းနဲ့မှအကုန် မပြောနိုင်ဘူး . . . (မှန်လှပါဘုရား)။

ဒီလိုပဲ ဖြေးဖြေးစုသွားရမှာပဲ. . . (မှန်ပါ) ဖြေးဖြေးစုပြီး ဖြေးဖြေးရှုရမှာပဲ ဆိုတာဖြင့် လေးလေးစားစားနဲ့ မှတ်ကြပါ. . . (မှန်လှပါ)။

ဘုရား(၄၅)ဝါ ဟောတာ ဒကာဒကာမတို့ ဒီတစ်ရက်နဲ့ ဘုန်းကြီးတို့က ဘုရားလောက်လည်း သွက်တာမဟုတ်ဘူး၊ အဲဒါကြောင့် အကုန်အစင် မပြောနိုင်တော့ ဖြေးဖြေး ဖြေးဖြေးပဲ ပြောရတယ်။

ပြောတတ်တယ် ဒကာဒကာမတွေ မယူနိုင်ဘူး ဆိုတာသိတယ် မယူနိုင်ပါဘူးတဲ့ ကလေးပါးစပ်က ကျဉ်းကျဉ်းကလေး ထမင်းလုပ်ကြီးကြီးခွံ့ရင် ရပ့်မလား. . . (မရပါဘူးဘုရား)။

အဲဒီလို မရမှာ မြင်တဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေကို နားလည်မှု ရှေ့ ရှုပြီးသကာလ မှန်မှန်ပဲ ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါ)။

## ၁။ သစ္စာတရားနာဖို့အရေးကြီးတယ်

ဒါဖြင့် ဒကာဒကာမတို့ ဒီလိုလုပ်ကြပေတော့ ဝိမုတ္တာယတနသုတ် ဆိုပြီး အင်္ဂုတ္တိုရ်မှာ ဟောတယ် ဝိမုတ္တာယတနသုတ်ဆိုတာက တခြားမဟုတ်ပါဘူးတဲ့ ပထမ (၁)နံပါတ် မင်းတို့အရေးကြီးတယ်ကွာတဲ့ သစ္စာတရားနာဖို့ အရေးကြီးတယ်။

ဒကာဒကာမတို့ ပထမ ဘာအရေးကြီးတုံး. . . (သစ္စာတရားနာဖို့အရေးကြီးပါတယ်ဘုရား) သစ္စာတရားနာ

ဖို့ အရေးကြီး သတဲ့နော်. . . (မှန်လှပါ) ပထမဘာအရေးကြီး ပါလိမ့်. . . (သစ္စာတရားနာဖို့ အရေးကြီးပါတယ်ဘုရား)။

သစ္စာတရားနာဖို့ အရေးကြီးတယ် ဒကာဒကာမတို့ ဘာအရေးကြီးပါလိမ့်. . . (သစ္စာတရားနာဖို့ အရေးကြီးပါ တယ်ဘုရား) ဩော်. . . ဒီတရားဟာ ဒကာဒကာမတို့ သစ္စာ တရား နာဖို့ အရေးကြီးတယ်ဆိုတာက ဦးဝတို့ ရှင်းရှင်းပဲ ပြောပါ့မယ်။

ဘုရားသာသနာ ရှိတုန်းပဲ သစ္စာဆိုတာ သိတယ် . . . (မှန်ပါ) သာသနာလည်း မရှိတော့ဘူး၊ ဘုရားလည်း မပွင့်တော့ဘူးဆိုရင် သစ္စာဆိုတာ မကြားရတော့ဘူး စိတ် ချသာနေ. . . (မှန်ပါ)။

သစ္စာမကြားရတဲ့ နောက်မှာ ဘာကျင့်နေနေ နိဗ္ဗာန် မရောက်ဘူးဆိုတာ စိတ်သာချ၊ သစ္စာမကြားရတဲ့အဆုံး မှာဖြင့် နိဗ္ဗာန်မရောက်ဘူးဆိုတာ အသေအချာ ဆုံးဖြတ်ချက် ချပါ. . . (မှန်လှပါ)။

## သစ္စာမကြားရရင်၊ နိဗ္ဗာန်မရောက်

**သစ္စာမကြားရတဲ့ အချိန်ဟာ ဒို့နိဗ္ဗာန်မရောက်တဲ့ အချိန်ပဲလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါ) ရှင်းပြီနော်. . (ရှင်းပါပြီဘုရား)။**

သစ္စာမကြားရတဲ့အချိန်ဟာ နိဗ္ဗာန်ကွယ်တဲ့ အချိန်လို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါ) သစ္စာမသိရတဲ့ အချိန်ဟာ. . . (နိဗ္ဗာန်ကွယ်တဲ့ အချိန်ပါဘုရား)။

အဲဒါကြောင့် ကိုင်းဒါဖြင့် ဒကာဒကာမတို့ သစ္စာပြောတော့မယ် ရှေးဦးစွာ သစ္စာတရားနာမှုဟာ အရေးကြီးတယ်. . . (၁)နံပါတ်နော်. . . (မှန်လှပါ) (၁)နံပါတ် ဘာအရေးကြီးပါလိမ့်. . . (သစ္စာတရားနာမှု အရေးကြီးပါတယ်ဘုရား)။

## ၂။သူတစ်ပါးပြောနိုင်ဖို့အရေးကြီးတယ်

(၂)နံပါတ်က သစ္စာတရားကို ပါးစပ်က ကိုယ့်ကိုယ်ထဲမှာသိပြီးသကာလ သူတစ်ပါးကို ပြောနိုင်ဖို့ ဒုတိယ အရေးကြီးတယ်။

(၁)နံပါတ်က သစ္စာတရားကို ကိုယ်တိုင် နာမှု အရေးကြီးတယ် နာပြီးသူတစ်ပါးကို ပြောနိုင်ဖို့ ဒုတိယ အရေးကြီးတယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ သစ္စာတရားဘာတုံး(၁)နံပါတ်က. . . (သစ္စာတရားနာမှုက အရေးကြီးပါတယ် ဘုရား) သိအောင်နာမှု အရေးကြီးတယ်။

နောက်သိပြီး သကာလ ပြောမှု (၂)နံပါတ် အရေးကြီး

တယ် သဘောကျပလား. . . (ကျပါတယ်ဘုရား) နောက်ကျတော့ကို (၃)နံပါတ်က ဒကာဒကာမတို့တဲ့ ဒီသစ္စာတရားကို (၁)နံပါတ်က နာ၊ (၂)နံပါတ်က ဘာလုပ်ရမှာတုံး. . . (သူတစ်ပါး ပြောတတ်ရမှာပါဘုရား)။

အဲသူတစ်ပါး ပြောတတ်ရမယ်၊ သဘောကျပြီနော် . . . (မှန်ပါ) (၁)မိမိကိုယ်တိုင်ဉာဏ်ထဲသိထားရမယ်၊ (၂)နံပါတ်က ဘာပါလိမ့်. . . (သူတစ်ပါးကိုပြောတတ်ရမှာဘုရား)။

## ၃။ ရွတ်ဖတ်သရဇ္ဈာယ်မှု

သူတစ်ပါးကို ပြောရဟောရမယ်ဆိုတာသဘော ပေါက်ပလား. . . (ရှင်းပါပြီဘုရား) အားလပ်တဲ့အချိန်မှာ ဒန္တာကြီးသည် ဘာသစ္စာလို့ ရွတ်ဖတ်နေရမတုံး . . အားလပ်တဲ့အချိန်မှာနော် ခုနက နှစ်လုပ်ကိုမလုပ်တဲ့အချိန်. . .

ဩော်. . . ဒါ ဒုက္ခသစ္စာပါလား ကြွချင်တာလေးက . . သမုဒယသစ္စာပါလား အင်း. . . ခု သွားချင်တာလေးက . . ဒုက္ခသစ္စာပါလား၊ ဒါလေးတွေ ပေါ်တိုင်းပေါ်တိုင်းလဲ ဒကာဒကာမတွေတဲ့ နှလုံးသွင်းရမယ်. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် သရဇ္ဈာယ် ပေးရမယ်. . . (မှန်လှ

ပါဘုရား) သရဇ္ဈာယ်ပေးရမယ် ဒါဖြင့် (၁)နံပါတ်က နာမှု ပေါ့ဗျာ၊ (၂)နံပါတ်က သူတစ်ပါးကို. . .(ပြောမှုပါဘုရား)၊ (၃)နံပါတ်က ဘာပါလိမ့်. . . (ရွတ်ဖတ်သရဇ္ဈာယ်မှု). . .

## ၄။ သဒ္ဓာမြင်အောင်လုပ်

(၄) နံပါတ်က ဒကာဒကာမတို့ ကိုယ့်ကိုယ်ကို ပေါ် သမျှ စိတ်တိုင်း ဝါး ဒုက္ခသစ္စာ ပေါ်တာ ဒုက္ခသစ္စာပါလားလို့ မြင်အောင်လုပ်ရမယ်၊ သမုဒယသစ္စာပေါ်လာရင်လည်း သမုဒယသစ္စာပါလားလို့ မြင်အောင်လုပ်ရမယ် ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## ၅။ မသိသေးရင်ဆရာထံမေးမှု

(၅)နံပါတ်က သစ္စာအလုပ် လုပ်ရင်း ကိုယ်မကွဲပြား နိုင်ရှိရင်ဖြင့် ခလ် ဆရာကောင်းသမားကောင်းဆီလာပြီး ဒီ ခု ကျည့်တော်လုပ်နေတာ ဟုတ်ပါရဲ့လား၊ မဟုတ်ဘူးလား လို့မေးဖို့ အရေကြီးတယ်။

ဒီငါးခု အောင်မြင်လို့ရှိရင်ဖြင့် ဒီငါးခုထဲက ဒကာဒကာမတို့ အောင်မြင်ကြပါမူကား ကိလေသာမှလွတ် တဲ့ နိဗ္ဗာန်ကို ဧကန်ရတယ်လို့ ငါဘုရားက တာဝန်ယူတယ် . . ခပြည့်စုံရင် တာဝန်ယူ . .

ဒါကြောင့် သစ္စာတရားနာမှု၊ သစ္စာတရားကို သူတစ်ပါးကို ဟောပြောမှု၊ ကိုယ့်ဟာကိုယ် သရဇ္ဈာယ်မှု သဘောကျပလား။

## နိဗ္ဗာန်ရောက်ဖို့တာဝန်ခံတယ်

နှလုံးသွင်းမှု နားမလည်လို့ရှိရင် ဆရာ့ထံသွားမေးမှု ဒီငါးခု ရှိလို့ရှိရင်ကွာတဲ့ သေသေချာချာ ဝိမုတ္တာယတနသုတ်ဆိုတာ ဝိမုတ္တာဆိုတာ ကိလေသာမှ လွတ်တဲ့သုတ်ပါပဲတဲ့ ဒီဥစ္စာ မင်းတို့ ဒီငါးခုနဲ့ပြည့်စုံလို့ရှိရင် သေသေချာချာမင်းတို့သည် နိဗ္ဗာန်မဂ်ဖိုလ်၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့၊ အပါယ်လေးပါး မရောက်နိုင်တဲ့၊ အိုနာသေ ဒုက္ခဘေးတို့မှ ကင်းဝေးရာ နေရာဌာန ရပါတယ် ဆိုတာ ဘုရားကတာဝန်ခံလိုက်တယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီနေ့ ဒီငါးချက်ကို ဒကာဒကာမတွေ သန္တာန် အရောက်ပို့ပေးမယ် ဒကာဒကာမတွေ သန္တာန် အရောက်ပို့ပေးတော့မယ်။

ကိုင်းဒါဖြင့် ငါးချက်သိပြီမနော်၊ သိပြီတဲ့ ငါးချက်သိတာကိုမှတ်ထားလိုက်စမ်းပါ၊ ကိုင်း. . . သစ္စာတရားနာမှုဆိုတော့ သစ္စာတရားကို အနာခိုင်းပါပြီ။

ဘာတုံးမေးတဲ့အခါကျလို့ရှိရင် သစ္စာဆိုတဲ့ဥစ္စာ

မှန်ကန်တာသစ္စာနော်. . . (မှန်ပါ) ဒုက္ခသစ္စာဆိုရင် ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ၊ ဆင်းရဲတာအမှန်ကို ဒုက္ခ သစ္စာ၊ ဆင်းရဲတာအမှန်ကို. . . (ဒုက္ခသစ္စာပါဘုရား)

## ဒုက္ခဖြစ်ကြောင်းအမှန်ကသုံးခု

ကောင်းပြီ ဒုက္ခဖြစ်ကြောင်းအမှန်ကို သမုဒယသစ္စာ၊ ဒုက္ခဖြစ်ကြောင်းအမှန်ကို. . . (သမုဒယသစ္စာပါဘုရား) ဒုက္ခဖြစ်ကြောင်းအမှန်က ဒီနောက်က သုံးခု။

## ဒုက္ခအမှန်ကရှေ့ကငါးခု

ဒုက္ခအမှန်က ရှေ့ကငါးခု၊ ရှေ့ကငါးခုကဘာတုံး. . . (ဒုက္ခအမှန်ပါဘုရား) နောက်သုံးခုက ဒုက္ခဖြစ်ကြောင်းအမှန် ဒါဖြင့်သူက ဒုက္ခသစ္စာ ရှေ့ငါးခုကဒုက္ခသစ္စာ၊ နောက်သုံးခု ကသမုဒယသစ္စာ။

မြန်မာလိုမှတ်လို့ ရိုးရိုးရှင်းရှင်းနဲ့ ဒကာဒကာမတို့ သစ္စာတရားဟောနေလို့ လေးလေးစားစားမှတ်လိုက်စမ်းပါ၊ ရှေ့ကငါးခုက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) နောက်သုံးခုက. . . (သမုဒယသစ္စာပါဘုရား)။

မြန်မာလိုပြန်တော့ ဒါသည် ဆင်းရဲတာအမှန်. . . (မှန်ပါ) ဒါက ဆင်းရဲကြောင်းအမှန်. . . (မှန်ပါ) ရှင်းပလား

. . . (ရှင်းပါပြီဘုရား) ရှေ့ငါးခုက. . . (ဆင်းရဲတာပါဘုရား) အင်း. . . နောက်သုံးခုက. . . (ဆင်းရဲကြောင်းအမှန်ပါဘုရား)။

## ဆင်းရဲတာအမှန်လို့သိပေးပါ

ဆင်းရဲကြောင်းအမှန်လို့ဆိုတော့ ဒါ ဒကာဒကာမ တွေက ရှေ့ကငါးခု ဘာပဲပေါ်ပေါ် ဩော်. . . ဒါ ဆင်းရဲတာ အမှန်ချည့်ပဲလို့သိသိပေးရမယ်၊ ရှေ့ငါးခုပေါ်တိုင်းပေါ်တိုင်း ဘယ်လိုသိရမတုံး. . . (ဆင်းရဲတာအမှန်ပါဘုရား)။

အဲ. . . မြင်စိတ်တလေးပေါ်လာလည်း. . . (ဆင်းရဲတာအမှန်ပါဘုရား) ဆင်းရဲတာအမှန်လို့သိပေးပါတဲ့ ဝေဒနာလေးပေါ်လာလည်း. . . (ဆင်းရဲတာအမှန်ပါဘုရား) အင်း. . . ဖဿလေးပေါ်လာလည်း. . . (ဆင်းရဲတာအမှန် ပါ ဘုရား)။

## သိတာအမှန်

ဒါဖြင့် ရှေ့ကဆင်းရဲတာအမှန် နောက်က သိတာအမှန် မဂ်လိုက်သွားတယ် မလိုက်ဖူးလား. . . (လိုက် ပါတယ်ဘုရား) ဒကာဒကာမတို့ ဒီထုံးဘူးလေးချထားတာ မဂ္ဂင်ငါးပါးလို့မှတ်လိုက်ပေတော့. . . (မှန်ပါ)။

ရှေ့ငါးခုကို ဆင်းရဲတာအမှန်လို့ ဟောဒီ ထုံးဘူးနဲ့

တူတဲ့ဉာဏ်ကသိတယ် အဲတော့. . . ဒကာဒကာမတွေ ရှေ့ငါးခုကဘာတဲ့. . . (ဆင်းရဲတာအမှန်ပါဘုရား) ကြားစိတ်ကလေးပေါ်ပေါ် မြင်စိတ်ကလေးပေါ်ပေါ် ဆင်းရဲတာအမှန်ပဲ။

ကြားစိတ်ပေါ်ရင်လည်း. . . (ဆင်းရဲတာအမှန်ပါဘုရား) ကောင်းပြီ စားစိတ်ကလေးပေါ်လာရင်ကော. . . (ဆင်းရဲတာအမှန်ပါဘုရား) ဟုတ်သားပဲဒကာဒကာမတွေကဖြစ်ပြီးပျက်သွားတာ အသေဆိုးသေရတာ။

ဖြစ်တာကလည်း ဒကာဒကာမတို့ ဘုန်းကြီးပြောနေကျအတိုင်း ပြောရလို့ရှိရင်၊ ဘုရားဟောနေကျအတိုင်း ဟောရလို့ရှိရင် ဖြစ်တာဟာ အနာပေါက်တာပဲ. . . (မှန်ပါ) သဘောကျပလား. . . (မှန်လှပါဘုရား)။

ဖြစ်တာဟာဘာတဲ့. . . (အနာပေါက်တာပါဘုရား) အင်း. . . ပျောက်တာဟာ အနာပေါက်လို့သေတာပဲ ဖြစ်တာဟာဘာတဲ့. . . (အနာပေါက်တာပါဘုရား) ပျက်တာက. . . (အနာပေါက်လို့သေတာပါဘုရား)။

## ဒုက္ခမှတစ်ပါးဘာမှမရှိ

ဒါဖြင့် အနာပေါက်တာရယ်၊ သေတာရယ်၊ အနာပေါက်တာရယ်၊ သေတာရယ်ဆိုတော့ ဒီနှစ်ခုဟာ

ဒုက္ခမှတစ်ပါး ဘာရှိသေးတုံး. . . (မရှိပါဘူးဘုရား)။

ဖြစ်တာကအနာပေါက်တာ၊ ပျောက်ပျက်သွားတာက. . . (သေတာပါဘုရား) သေတာဆိုတော့ အနာပေါက်ပြီးသေလေရဲ့ဆိုတော့ အနာပေါက်တာကြိုက်လား သေတာကြိုက်လား. . . (မကြိုက်ပါဘူးဘုရား) ဘယ်ဟာကြိုက်သတုံး. . . (ဘယ်ဟာမှမကြိုက်ပါဘူးဘုရား)။

ဒါဖြင့် ဒုက္ခချည့်ပဲ. . . (မှန်ပါ) ဒါဖြင့် ဖြစ်တာကလည်း ဒုက္ခပဲ. . . (မှန်လှပါဘုရား) ပျက်တာလည်း. . . (ဒုက္ခပါဘုရား) အဲပေါ်လာတဲ့စိတ်ကို ဖြစ်တာလည်း ဒုက္ခပဲ၊ ပျက်တော့လည်း ဒုက္ခပဲလို့ ဒီက နောက်ကနေသိပေးသဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲတော့ သစ္စာတရားနာတဲ့ ပုဂ္ဂိုလ်ကျတော့ ရှေ့ကပေါ်လာတာဟူသ၍သည် ဒုက္ခနဲ့ သစ္စာချည်းပဲဆိုတာသဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒါက အလုပ်စပေးပါပြီတဲ့ ဒကာဒကာမတို့သန္တာန် ပေါ်လာတဲ့စိတ်ဟာ ဩော် ဖြစ်တာလည်း အနာပေါက်တာပဲ၊ ပျောက်တာလည်း သေပွဲဝင်တာပဲ။

ဖြစ်တာကဘာတဲ့. . . (အနာပေါက်တာပါဘုရား) ပျက်တာက. . . (သေပွဲဝင်တာပါဘုရား) ဒါဖြင့် အနာပေါက်တာရယ်၊ အနာပေါက်လို့ သေသွားတာရယ် ဒကာ

ဒကာမတို့ ဘယ်ဟာများကြိုက်သတုံး. . . (ဘယ်ဟာမှမ ကြိုက်ပါဘူးဘုရား)။

## ဒုက္ခသစ္စာတွေချည်းပဲ

အဲ ခန္ဓာကိုယ်ထဲမှာ ဘယ်တရားပေါ်ပေါ် အနာ ပေါက်တာရယ် အနာပေါက်လို့သေတာရယ် ဒါပဲရှိတယ်၊ ဒါဖြင့် အနာပေါက်တာလည်း ဒုက္ခသစ္စာ၊ အနာပေါက်လို့ သေသွားတာလည်း. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ ဆိုတော့ ဒါတွေက ဒကာဒကာမတွေ အကုန်ခန္ဓာငါးပါးတွေ ပဲ၊ ဒုက္ခသစ္စာတွေချည်းပဲ သဘောကျပလား. . . (ကျပါတယ် ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှေ့ပိုင်းငါးခုကို ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာ ပါဘုရား) အင်း. . . ဘယ်သူကသိတာပါလိမ့်. . . (ဉာဏ် မဂ်ကသိတာပါဘုရား) ဉာဏ်မဂ်က သိတာ ဟောဒီကြားက နေသိတာ ဝေဒနာနဲ့တဏှာကြားက မသိကြဘူးလား. . . (သိပါတယ်ဘုရား)။

ထိုကဲ့သို့သိတော့ ရှေ့ပိုင်းကဘာပေါ်ပေါ် ဒကာ ဒကာမတို့ ပေါ်တာရော ပျောက်တာရော၊ အနာပေါက်တာ နဲ့ အနာပေါက်ပြီး သေတာချည်းလို့ ဉာဏ်နဲ့သာနှလုံးသွင်း လိုက်။

## မဂ္ဂသစ္စာ

ဉာဏ်နဲ့နှလုံးသွင်းလိုက်တဲ့အခါကျတော့ ရှေ့ပိုင်းက နှလုံးသွင်းခဲ့တာ ဟူသ၍က ဒုက္ခသစ္စာ. . . (မှန်ပါ) နှလုံးသွင်းနိုင်တဲ့ ဉာဏ်ကလေးက. . . (မဂ္ဂသစ္စာပါဘုရား)

မဂ္ဂသစ္စာလေးဖြစ်နေတော့ ဒီဘက်ကတဏှာ၊ဥပါဒါန်၊ ကံတွေ အကုန်ဖြတ်ချတယ်၊ ဘာတွေဖြတ်ချတုံး. . . (တဏှာ၊ ဥပါဒါန်၊ ကံတွေ အကုန်ဖြတ်ချပါတယ်ဘုရား)။

တဏှာ၊ ဥပါဒါန်၊ ကံတွေ တစ်ခါတည်းဖြတ်ချလိုက်တော့ ဩော်. . . ဒကာဒကာမတို့သန္တာန်၌ ဒီဘက်က တဏှာ နိရောဓောကိုပဲ နိဗ္ဗာန်ဖြစ်နေတယ်။

## တဏှာချုပ်လို့နိဗ္ဗာန်ရောက်တာ

ဒီမဂ်ပေါ်လာလို့ရှိရင်လည်း တဏှာချုပ်လို့ နိဗ္ဗာန်ရောက်တာပဲ သဘောကျပလား. . . (ကျပါတယ်ဘုရား) ကောင်းပြီ ဒါတဏှာ၊ ဥပါဒါန် ချုပ်သွားတော့လည်း တဏှာ နိရောဓော နိဗ္ဗာန်ဖြစ်တယ်။

သူတို့မှမရှိပဲနဲ့ နောက်လာမဲ့ ဒကာဒကာမတွေ အနာဂတ် ဇာတိ ဇရာ မရဏ ဆိုတဲ့ ဒုက္ခတွေကော လာပါ့မလား. . . (မလာပါဘူးဘုရား) အဲဒါက ခန္ဓာနိရောဓော နိဗ္ဗာန်တဲ့။

ရှေ့ပိုင်းက တဏှာချုပ်တော့ ဘာနိဗ္ဗာန်တဲ့. . . (တဏှာနိရောဓေါနိဗ္ဗာန် ပါဘုရား) တဏှာချုပ်သွားတဲ့အခါ ကျတော့ တဏှာနဲ့ ကံနဲ့ဟာ တဏှာမရှိရင် ကံချုပ်ရတာပဲ အဲဒါကြောင့် ကံကိုထည့်မပြောတော့ဘူး ဦးဝ ဦးဘအုံး တို့နော်. . . (မှန်ပါ)

တဏှာရှိတဲ့ ပုဂ္ဂိုလ်မှာသာ ကံကအလုပ်လုပ်တာကိုး၊ တဏှာမရှိတဲ့ ပုဂ္ဂိုလ်မှာ ကံဟာထုံးစံအတိုင်းသာ ဖြစ်နေရ တယ် အလုပ်မလုပ်နိုင်ဘူး. . . (မှန်လှပါဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီတဏှာ ဥပါဒါန်ချုပ်သွားပြီ၊ ရှေ့ ပိုင်းကဟာ ဒုက္ခသစ္စာ ဒီမဂ်ကနေပြီး သိလိုက်တဲ့အတွက် ဒီပဋိစ္စသမုပ္ပါဒ်ကြီးဟာ ဒီ(၁)၊ (၂) ဆိုတဲ့ နောက်ပိုင်းက(၃) ကျအောင် ပေါ်နိုင်သေးရဲ့လား. . . (မပေါ်နိုင်ပါဘူးဘုရား)။

မပေါ်နိုင်တော့ သူ့ကိုဘယ်လိုဆိုကြမတုံးလို့ မေး တော့ တဏှာနိရောဓေါ(နိဗ္ဗာန်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တဏှာနိရောဓေါ . . . (နိဗ္ဗာန်ပါဘုရား) သဘောကျပြီ တဏှာနိရောဓော. . . (နိဗ္ဗာန်ပါဘုရား) ဩော်. . . ဟုတ်ပြီ ဒကာဒကာမတို့ ဒါဖြင့် သစ္စာတရားနာ ရတဲ့အတွက် အလုပ်လုပ်တတ်ပလား. . . (လုပ်တတ်ပါပြီ ဘုရား)။

## ဘာစိတ်ပေါ်ပေါ် ဒုက္ခသစ္စာ

လုပ်တတ်တော့ ရှေ့ပိုင်းက ဘယ်စိတ်ပေါ်ပေါ် ဘာလုပ်ကြမတုံး (ဒုက္ခသစ္စာရှုရမှာပါဘုရား) ပေါ်ချင်တဲ့စိတ်ပေါ်ကြ. . . (ဒုက္ခသစ္စာ) ဣဿာစိတ်ပေါ်ပေါ် မစ္ဆရိယစိတ်ပေါ်ပေါ် ပေါ်ချင်တာပေါ် ဝိညာဏ်ကစတာပဲ အဲဒါတွေသည် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အင်း. . ပေါ်တာက အနာပေါက်တာ ဟုတ်လား. . (မှန်ပါ) ပျောက်တာက သေတာ ဒါသာမှတ်ထား၊ ပေါ်တာက. . . (အနာပေါက်တာ) ပျောက်တာက. . . (သေတာပါဘုရား)။

ဒါဖြင့် ဖြစ်တာက အနာပေါက်တာ၊ ပျက်တာက သေတာ ဒါဖြင့် အနာပေါက်တာကြိုက်သလား သေတာကြိုက်သလား. . . (ဘယ်ဟာမှမကြိုက်ပါဘူးဘုရား)။

အဲဒီလို ဘယ်ဟာမှ မကြိုက်တော့ဘူးဆိုတာက ဆင်းရဲတာ အမှန်ကို သိလို့မကြိုက်တာ ဒါဖြင့် ဆင်းရဲတာအမှန်က ဒုက္ခသစ္စာ မကြိုက်တာက. . . (မဂ္ဂသစ္စာပါဘုရား)။

## သမုဒယကိုလာခွင့်မပြု

မဂ္ဂသစ္စာဖြစ်သွားတော့ ဒကာဒကာမတို့ ဒီမဂ္ဂသစ္စာသည် ဒုက္ခသစ္စာကိုသာ လျှင် သူသိသလားလို့မေးတော့၊ နောက်က သမုဒယတွေ လာခွင့်ပေးသေးရဲ့လား. . . (မပေးပါဘူးဘုရား)။

ဝေဒနာပစ္စယာ တဏှာလာသေးရဲ့လား. . . (မလာတော့ပါဘူးဘုရား) ဥပါဒါန်. . . (မလာပါဘူးဘုရား) ကံ. . . (မလာပါဘူးဘုရား) ဒါဖြင့်ဒါတွေ ချုပ်မသွားဘူးလား. . . (ချုပ်သွားပါတယ်ဘုရား)

ဒါတွေ ချုပ် သွားတဲ့ အတွက် လည်းတဲ့ ဒကာဒကာမတို့တဏှာနိရောဓော နိဗ္ဗာန်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား) တဏှာနိရောဓော. . . (နိဗ္ဗာန်ပါဘုရား) တဏှာ၊ ဥပါဒါန်၊ ကံမချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

## တဏှာ၊ ဥပါဒါန်၊ ကံချုပ်တယ်

ချုပ်တဲ့အတွက် ဘာခေါ်ကြမတုံး. . . (တဏှာနိရောဓော နိဗ္ဗာန်ပါဘုရား) တဏှာနိရောဓော နိဗ္ဗာန်ဆိုတော့ ခြော်. . . ဒါဖြင့် ဒို့သည် တဏှာချုပ်တဲ့ နိဗ္ဗာန်ရလို့ရှိရင် ဖြင့်တဲ့ တဏှာ၊ ဥပါဒါန်၊ ကံမှမရှိပဲနဲ့ ဒကာဒကာမတို့ နောက်ဘဝ ဇာတိ ဇရာ မရဏဆိုတဲ့ ခန္ဓာပေါ်ဦးမလား. . . (မပေါ်ပါဘူးဘုရား)။

ဒါဖြင့် အဲဒါတွေမပေါ်တဲ့အတွက်လည်း အဲဒါဟာ ခန္ဓာတွေဖြစ်နေတော့ ခန္ဓာနိရောဓော နိဗ္ဗာန်လည်းရတယ် တဏှာနိရောဓောနိဗ္ဗာန် ရရင် ခန္ဓာနိရောဓော. . . (နိဗ္ဗာန်

ရပါတယ်ဘုရား)။

တဏှာနိရောဓော နိဗ္ဗာန်ရရင် . . (ခန္ဓာနိရောဓော နိဗ္ဗာန် ရပါတယ်ဘုရား) အဲ. . . ခင်ဗျားတို့ဖြစ်နေတဲ့ စိတ်ထဲမှာ ဒီလိုလေး ဝင်ဝင်ပေးရမယ်။

အိမ်မှာဖြစ်ဖြစ် ကျောင်းမှာဖြစ်ဖြစ်၊ ဘယ်မှာဖြစ်ဖြစ် ဒါလေးဝင်လိုက်လို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ သံသရာ အဆက်ပြတ်တယ်လို့မှတ်လိုက်ပေါ့ပါ. . . (မှန်လှပါ)။

## သံသရာအဆက်ပြတ်တယ်

ဘယ်လိုမှတ်ကြမယ်. . . (သံသရာ အဆက်ပြတ်ပါတယ်ဘုရား) ဩော်. . . ဒကာဒကာမတွေက နဂိုသိထားတာက သံသရာကြီးဟာ ဩော်. . . ရှည်လှတယ် သံသရာကြီးဟာရှည်ခဲ့ပြီ၊ ရှေ့ကိုလဲ ရှည်ဦးမှာပဲ အဲဒါကြီးကို လေပြေထိုးပြီးသကာလ စကားမရှုပ်နေပါနဲ့ သဘောကျပလား. . . (မှန်ပါ)။

အဲဒါကို ဘာမှမစဉ်းစားပါနဲ့၊ ယခုပေါ်တဲ့ သံသရာပြတ်ရင်ပြီးတာပဲ. . . (မှန်ပါ) ခုပေါ်တာက (၁) (၂) (၃) (၄) (၅) ဒီဘက်က သံသရာက (၆) (၇) (၈) ဒါမဂ်မဝင်လို့ရှိရင် သံသရာရှစ်ခုရှိတယ်၊

မဂ်မဝင်ရင်. . . (သံသရာရှစ်ခုရှိပါတယ်ဘုရား)

ရှင်းပလား. . . (ရှင်းပါပြီဘုရား) မ[illegible]ရင်. . . (သံသရာ နှစ်ခုရှိပါတယ်ဘုရား)။

သံသရာရှစ်ခုဆိုတော့ ယျှပစ္စုပ္ပန်သံသရာ၊ ယခု ကာသံသရာကို ဖြတ်ရင် တစ်ခါတည်းသစ္စာသိတဲ့ သစ္စာတရားနာရတဲ့ ဒကာဒကာမတွေဖြစ်နေသောကြောင့် ရှေ့ပိုင်းကဟာတွေဟာ ဖြစ်ပြီးပျက်တာချည့်ပဲ မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

မယုံလို့ရှိရင် လက်မောင်းကို ကိုယ့်လက်သည်း ကလေးနဲ့ကုပ်ကြည့် ဟုတ်လား. . နာစိတ်ကလေး မပေါ်ဘူး လား. . . (ပေါ်ပါတယ်ဘုရား) အင်း. . ဒါလေးဟာလည်း အင်း. . . နာစဟာလည်း အနာပေါက်တယ်လေ သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

ဒီနောက်တော့ ဒီအနာကလေးက ရှိသေးရဲ့လား . . . (မရှိတော့ပါဘူးဘုရား) အင်း. . . အနာလေးဟာ ပေါက်လည်းပေါက်တယ်၊ ဒီအနာလေးသည်ကား ဆိုရင်ဖြင့် အင်း. . . ဝေဒနာက္ခန္ဓာလေး ဖြစ်ပါတယ်၊ ဝေဒနာက္ခန္ဓာ သမားတစ်ယောက် သေလည်းသေပါတယ် သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာသမားတစ်ယောက် ဝေဒနာတစ်ခု လည်း ရောက်ပါတယ်၊ ဒီဝေဒနာက္ခန္ဓာလို့ ဒကာဒကာမ

တွေကို ဘုန်းကြီးကပြောချင်တာက အခုတရားနာနေတဲ့ ဒကာဒကာမတွေဟာ ဒကာဒကာမတွေဆိုတာ ဟောမဖြစ်လို့ဟောတာ စင်စစ်တော့ သူတို့မှာ ဝေဒနာချည့်ပဲ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## စိတ်နဲ့ဝေဒနာနဲ့တွဲလျက်နော်

စိတ်တွေချည့်ပဲ စိတ်နဲ့ဝေဒနာနဲ့ တွဲလျက်နော်. . . (မှန်ပါ) အဲတော့ စိတ်တစ်လုံးပေါ်လာတယ်ဆိုရင် ဒီစိတ်နဲ့ အသက်ရှင်နေတယ် သဘောကျပလား။

စိတ်တစ်လုံးပေါ်လာရင်. . . (ဒီစိတ်နဲ့ပဲ အသက်ရှင်ပါတယ်ဘုရား) ဒီစိတ်နဲ့အသက်ရှင်တယ်ဆိုတော့ ဒီစိတ်ကလေးပေါ်လာတာသည် အနာပေါက်တာပဲ ဒီစိတ်ကလေးပျောက်သွားတာသည် သေတာပဲဆိုတော့ ဒါဘုန်းကြီးတို့ဒကာဒကာမတစ်ယောက် သေတာပဲ သဘောကျပလာ. . . (မှန်လှပါ)။

ဘယ်သူသေတာပါလိမ့်. . . (ဒကာဒကာမတစ်ယောက်ပါဘုရား) အင်း. . . ဝိညာဏက္ခန္ဓာဆိုတဲ့ ဒကာတစ်ယောက် ဆိုင်းဘုတ်ဆွဲလို့ရှိရင် ဒကာမတစ်ယောက်သေတာပါပဲ သဘောကျပလား. . . (မှန်ပါ)။

ဘယ်သူသေတာပါလိမ့်. . . (ဝိညာဏက္ခန္ဓာပါ ဘုရား) အင်း. . . ဝိညာဏ္ခန္ဓာဆိုတဲ့ ဒကာတစ်ယောက် ဒကာမတစ်ယောက် သေတယ်လို့ ဟောဒီကနေ သိသိပေး စမ်းပါ သဘောကျပလား။

## ကိုယ့်သစ္စာကိုယ်သိတာ

သိပေးတော့ကို ဒါကိုယ်ဒုက္ခရောက်တာကို ကိုယ် မသိဘူးလား. . . (သိပါတယ်ဘုရား) ဩော်. . . ဒါဖြင့် ဒကာဒကာမတို့ ကိုယ်ဒုက္ခရောက်တာ ကိုယ်သိလို့ရှိရင် ကိုယ့်သစ္စာကို ကိုယ်သိတာပဲ. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်သစ္စာသိတာပါလိမ့်. . . (ကိုယ့်သစ္စာ ကိုယ် သိတာပါဘုရား) အဲဒါကို မသိသေးလို့ရှိရင် ဒါမှမသိသေး လို့ ကိုယ်ဒုက္ခရောက်တာ ကိုယ့်စိတ်ကလေးဟာ ပေါ်လာ တာဟာ အနာပေါက်တာ ဘုန်းကြီးကရှင်းအောင်ပြောပြီ . . . (မှန်ပါ)။

အင်း. . . ပျက်စီးသွားတာသည် ဒီအနာနဲ့သေသွား တာ ဒါ ဒကာသစ်တစ်ယောက် ဆိုရင်ကော လွဲပါ့မလား. . . (မလွဲပါဘူးဘုရား) ဒကာအုန်းတစ်ယောက်ဆိုရင်ကော. . .

(မလွဲပါဘူးဘုရား) ဦးစံရင် တစ်ယောက်ဆိုရင်ကော. . . (မလွဲပါဘူးဘုရား)။

မလွဲပါဘူးတဲ့ ဒကာဒကာမတွေ ကျေနပ်ပါပလား . . . (ကျေနပ်ပါတယ်ဘုရား) ဒါကိုယ်သေတာ၊ မိမိကိုယ်တိုင် သေတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)

မိမိကိုယ်တိုင်သေတာတဲ့၊ ဘယ်နှယ်ကြောင့်သေတုံး လို့ မေးတဲ့အခါ နဂိုတုန်းကလည်း ကြားတဲ့စိတ် ဝိညာဏ် ကလေး ပေါ်လာတယ် အင်း. . . ကြားတဲ့စိတ် ဝိညာဏ် ကလေးဟာ ဘာလုပ်ဖို့ပေါ်လာတာတုံးဆိုတော့ သေမလို့ ပေါ်လာတာ၊ နောက်ကြည့်လိုက်တဲ့အခါကျတော့ သေ လည်းသေသွားတယ် သဘောကျပလား. . . (ကျပါတယ် ဘုရား)။

## သေမလို့ပေါ်တာနဲ့သေတာ

သေမလို့ပေါ်လာတာရယ် သေတာပဲရှိတယ်. . . (မှန်လှပါ) ဒိပြင်ဘာရှိသေးလဲ. . . (မရှိပါဘူးဘုရား) မရှိတော့ ကို ဒကာဒကာမ သန္တာန်မှာ ဒါမိမိတစ်ယောက် သေတယ်လို့ ဆုံးဖြတ်ချက်ချပါ။

ဒါဖြင့် မိမိတစ်ယောက် သေတယ်လို့ သိထားခြင်းသည် ကိုယ့်စိတ်ကို ပြန်ရှုရှု ကိုယ့်ဝေဒနာကို ပြန်ရှုရှု မိမိတစ်ယောက် သေတာချည့်မှတ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုယ့်စိတ် သေပြန်တော့လည်း ဒါကိုယ်တစ်ယောက်သေတာပဲ အင်း. . . ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာလေးရှုတဲ့ ပုဂ္ဂိုလ်ကလည်း ဒီဝေဒနာလေးဟာ ပေါ်လည်းပေါ်တယ် ပျောက်လည်းပျောက်တယ် မိမိတစ်ယောက် သေတာလို့မှတ်လိုက်။

## ကိုယ်ဒုက္ခရောက်တာကိုယ်မြင်ပါစေ

စိတ်ကလေး ပေါ်လည်းပေါ်ပါတယ်၊ ပျောက်လည်းပျောက်တယ် ဆိုရင် ဒါဖြင့် မိမိသေတာကို မိမိဉာဏ်ဖြင့် မြင်ပါစေ ဒါဖြင့်ကိုယ် ဒုက္ခရောက်တာ ကိုယ်မြင်ပါစေ ရှင်းပါစေ . . . (ရှင်းပါပြီဘုရား)။

ဘာမြင်ရမယ်. . . (ကိုယ်ဒုက္ခရောက်တာ၊ ကိုယ်မြင်ရမှာ ပါဘုရား) ကိုယ်ဒုက္ခရောက်တာ ကိုယ်မြင်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဘယ့်နှယ်ဖြစ်လာတုံးဆိုတော့ စကြာဝတေးမန္ဓာတ်မင်းကြီးများ ဖြစ်ချင်သေးသလား. . . (မဖြစ်ချင်ပါဘူးဘုရား) ကိုယ်ဒုက္ခရောက်တာကိုယ်မြင်ပေါ့. . .

(မှန်ပါ)။

စိတ်တစ်လုံးနဲ့ အသက်ရှင်နေတာ ဒီစိတ်တစ်လုံးဟာ ခဏခဏအနာပေါက်၊ ခဏခဏသေ. . . ဒီလိုမနေဘူးလား. . . (နေပါတယ်ဘုရား)။

ပြဟ္မာဖြစ်တော့လည်း ဒီစိတ်မျိုးပေါ်ပြီး၊ ဒီလိုသေရမယ်. . . နတ်ဖြစ်တော့လည်း ဒီအနာပေါက်ပြီး ဒီလိုသေရဦးမှာပဲ။

ကိုယ့်အသေကိုယ်မြင်တာသည် ဒုက္ခသစ္စာသဘောကျပလား. . . (ကျပါတယ်ဘုရား) ကိုယ့်အသေကိုယ်မြင်တာသည်. . . (ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ သစ္စာတရားနာကြ၊ ဘယ်ကနေ မြင်တုန်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ခန္ဓာကြီးတန်းမလို့ ထုံးစံအတိုင်း တန်းမလို့လာတာကို အတန်းမခံပဲနဲ့ ကျုပ်တို့က ဝေဒနာနောက်ကနေပြီး လှမ်းကြည့်လိုက်တယ်။

ရှေးပိုင်းက စိတ်တွေ ဝေဒနာတွေကို ကြိုက်ရာကြည့်လိုက်တယ်၊ ပေါ်ရာကို ထိုးကြည့်လိုက်တယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ပေါ်ရာကိုကြည့်လိုက်တဲ့အခါကျတော့ ဘာမြင်ပါလိမ့်မတုံး. . ကိုယ်ဒုက္ခရောက်တာကို ကိုယ်မြင်တယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

**သံသရာဖြတ်တဲ့တရား**

ဘာမြင်ပါလိမ့်. . . (ကိုယ်ဒုက္ခရောက်တာ ကိုယ်မြင်ပါတယ်ဘုရား) စဉ်းစားပါ စဉ်းစားပါ ဒကာဒကာမတို့ ကောင်းအောင်ဟောတဲ့ တရားမဟုတ်ဘူး တစ်ခါတည်း သံသရာဖြတ်တဲ့တရား. . . (မှန်ပါ)။

ဘာဟောနေတာ. . . (သံသရာဖြတ်တဲ့တရားပါဘုရား) သံသရာဖြတ်ပေးနေတဲ့ တရားဖြစ်သောကြောင့် ဒကာဒကာမတို့ သံသရာဆိုတာ နောက်သံသရာလည်း ဖြတ်ဖို့ ခင်ဗျားတို့မလိုပါဘူး။

ပြီးခဲ့ပြီ ခင်ဗျားတို့ခံခဲ့ရပြီ. . . (မှန်လှပါ) ယခုသံသရာကို ယခုဖြတ်လိုက်လို့ရှိရင်ဖြင့် ပစ္စုပ္ပန်တကျာဟာ သံသရာကို ဖြတ်လိုက်လို့ ရှိရင်ဖြင့် အနာဂတ်သံသရာဆိုတာ လာပါဦးမလား. . . (မလာပါဘူးဘုရား)။

ပစ္စုပ္ပန်သံသရာဖြတ်လိုက်ရင် အနာဂတ်သံသရာ . . . (မလာပါဘူးဘုရား) မလာဘူးဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား) ကြည့်လေ ဒိဝိညာဏ်က အစက်ရောက်လိုက်၊ တော်ကြာ ဝိညာဏ်ကစ. . . (က်ရောက်လိုက်ပါဘုရား)။

ဒီလိုလှည့်မနေဘူးလား. . . (လှည့်နေပါတယ်ဘုရား) ဒါဖြင့်ပစ္စုပ္ပန်တွင်ကို လှည့်နေတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား) ကဲ. . . ပစ္စုပ္ပန်ကို အလှည့်မခံ

ဘူးဟော့၊ ဒကာဒကာမတွေ ဘာအလှည့်မခံတုံး. . . (ပစ္စုပ္ပန်ကို အလှည့်မခံပါဘူးဘုရား)။

ပစ္စုပ္ပန်ကို အလှည့်မခံဘူး၊ ဘာဖြစ်လို့တုံး သစ္စာသိလို့. ကြားစိတ်ကလေး ပေါ်လာတယ် ဒကာဒကာမတို့. ဒီကနေ ကြည့်စမ်း ဒုက္ခသစ္စာပဲမဟုတ်လား. . . (မှန်ပါ)။

## သိတာကမဂ္ဂသစ္စာ

ကြည့်လိုက်ရင် ဒုက္ခသစ္စာပဲ. . . (မှန်လှပါ) ဒုက္ခသစ္စာလို့. သိလိုက်တဲ့အတွက် ရှေ့ပိုင်းက ဒုက္ခသစ္စာ သိတာက. . . (မဂ္ဂသစ္စာပါဘုရား) ဟော သေတာက သမုဒယသစ္စာ။

သေတာကဘာတုံး. . . (သမုဒယသစ္စာပါဘုရား) ဒါဖြင့် ဒကာဒကာမတို့. သံသရာဟာပြတ်တယ်။

အတော်အဖိုးတန်ပြီ ဒကာဒကာမတို့. ဉာဏ်ကြီးကြီးနဲ့နားထောင်စမ်းပါလို့. ဘုန်းကြီးကသတိပေးလိုက်တယ် အင်မတန် အရေးကြီးလို့ပါ သာမည အရေးကြီးတာ မဟုတ်ဘူး။

သံသရာကြီး ဘယ်လိုများ ဖြတ်ရမှာတုံးလို့. ဆိုတဲ့ ဥစ္စာ ခင်ဗျားတို့. ညည်းနေမှာ သိပ်စိုးရိမ်တယ် မညည်းနဲ့. တော့ ဒီဥစ္စာတစ်နေ့. အပတ်ပေါင်း လည်နေတဲ့ဥစ္စာ ဒီတစ်ပတ်ထဲတင် ဖြတ်လိုက်လို့ရှိရင် ပြီးတာပဲ အပတ်လာတိုင်း

လာတိုင်းသာ ဖြတ်ပေး ကြာတော့ မလာတော့ဘူး. . . (မှန်ပါ)။

လာပါ့မလား. . . (မလာပါဘူးဘုရား) အဲတော့ ပစ္စုပ္ပန်သံသရာဖြတ်မှ အနာဂတ်သံသရာလည်း ဖြတ်မယ် . . . (မှန်လှပါ) ပစ္စုပ္ပန်သံသရာဖြတ်မှ. . . (အနာဂတ်သံသရာ ပြတ်မှာပါဘုရား) အနာဂတ်သံသရာ ပြတ်မယ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

တစ်နည်းဤကဲ့သို့ သံသရာဖြတ်ပုံကလည်း ဩော် . . . ဒို့ဖြင့်သစ္စာသိမှ ဖြတ်နိုင်သကိုးဆိုတာ ပေါ်လာတယ် . . . (မှန်လှပါ) ဘယ်လိုမှပေါ်လာပါတုံး. . . (သစ္စာသိမှ ဖြတ်နိုင်မှာပါဘုရား)။

သစ္စာသိမှဖြတ်နိုင်တယ်ဆိုတာ ဒကာဒကာမတို့ ငြင်းဖို့ လိုသေးသလား. . . (မလိုပါဘူးဘုရား) မလိုဘူးနော် ဒါ ခု ခင်ဗျားတို့ သစ္စာ ဝေဒနာပေါ်တာနဲ့ သေတာမှ မသိလို့ရှိရင်တော့ဖြင့် သစ္စာကော သိပါဦးမလား. . . (မသိပါဘူးဘုရား)။

ဝေဒနာပေါ်တယ်ဆိုတာ သူဖြစ်လာတာ သေတယ်ဆိုတာပျောက်သွားတာ အဲတော့ တစ်ခုသောခဏမှာ ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာ ဘယ်ခဏပေါ်ပေါ် ဝေဒနာပေါ်တာရယ် သေတာရယ် ဒါပဲရှိတယ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခန္ဓာကိုယ်ထဲ ဘယ်ဓမ္မပေါ်ပေါ် ဘာရှိသတုံး. . . (သေနာပေါ်တာနဲ့ သေတာပဲရှိပါတယ် ဘုရား) ဒါဖြင့် သေနာပေါ်တာ ကြိုက်သလား၊ သေတာကြိုက်သလား. . . (ဘယ်ဟာမှမကြိုက်ပါဘူးဘုရား)။

## ဒုက္ခသစ္စာပိုင်းခြားတာ

ဘယ်ဟာမှမကြိုက်လို့ရှိရင် သူဒုက္ခချည်းပဲလို့ သိတယ် ဒါဒုက္ခသစ္စာပိုင်းခြားတာ. . . (မှန်လှပါဘုရား) သေနာပေါ်တာကလည်း ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) သေတာကလည်း. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ သံန္တာန်ပေါ်တဲ့ ဓမ္မဟူသ၍ဟာ သေနာပေါ်တာနဲ့သေတာပဲရှိတယ်. . . (မှန်လှပါဘုရား) ဒီပြင်ဘာများရှိသတုံး. . . (မရှိပါဘူးဘုရား) ဒါဖြင့် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲ ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိတယ် (ဝါ) ပိုင် ပိုင်နိုင်နိုင်သိတယ်ဆိုတာ သေနာပေါ်တာလည်းမကြိုက် သေတာလည်း. . . (မကြိုက်ပါဘုရား) တော်ပြီ တော်ပြီ နောက်တော့ဖြင့် ဘယ်ခန္ဓာမှ မဖြစ်ချင်ဘူး။

ခန္ဓာဖြစ်ရင် သေနာပေါ်တာနဲ့ သေတာပဲရှိတယ် . . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ် ဘုရား) ခန္ဓာဖြစ်ရင်. . . (သေနာပေါ်တာနဲ့ သေတာပဲ ရှိပါ

တယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ ဒီဘဝကို အားထုတ်တတ်တဲ့ တဏှာ၊ဥပါဒါန်၊ ကံတို့လာပါဦးမလား. . . (မလာပါဘူးဘုရား) သေချာပလား. . . (သေချာပါတယ်ဘုရား)။

## သေနာပေါ်တာ

ဘယ်နှယ်ကြောင့် ဒီဒကာဒကာမတွေ တရားနာတာ နာရိဝက်သာသာ ကလေးပဲရှိသေးတယ် ဒီ တဏှာ၊ ဥပါဒါန်၊ ကံ တွေဘယ်နှယ်ကြောင့်ချုပ်ရပါလိမ့်မတုံး အို. . . ဘယ်ဓမ္မပေါ်ပေါ် ကိုယ့်သန္တာန်စားချင်တဲ့စိတ်ပေါ်လည်း သေနာပေါ်တာနဲ့သေတာပဲ၊ ဒုက္ခသစ္စာပဲပေါ်တယ်. . . (မှန်လှပါ)။

အိပ်ချင်တဲ့စိတ်ကလေးပေါ်လည်း. . . (ဒုက္ခ သစ္စာပဲပေါ်ပါတယ်ဘုရား) အင်း ပြောချင်တဲ့စိတ်ကလေးပေါ်လည်း . . . (ဒုက္ခသစ္စာပဲပေါ်ပါတယ်ဘုရား) ကြံတဲ့စိတ်ကလေးပေါ် . . . (ဒုက္ခသစ္စာပါပဲဘုရား)။

ဒုက္ခသစ္စာချည့်လို့ ခင်ဗျားတို့နောက်ကသာ လိုက်လိုက်တယ် လိုက်ပြီးတော့ ရှေ့ပိုင်းက ဒုက္ခသစ္စာမလာဘူးလား. . . (လာပါတယ်ဘုရား) ဪ. . . ဒီလောက်သိသွားတော့ ဒကာဒကာမတို့ ဘာများဖြစ်ချင်သေးသတုံးဆိုတော့။

ဖြစ်ဖြစ်ချင်လည်း ဒီခန္ဓာငါးပါးပဲလာမှာပဲ. . . (မှန်လှပါဘုရား) ဒီပြင် ဘာလာမှာတုံး. . . (မလာပါဘူးဘုရား)

ဒီခန္ဓာငါးပါးကလည်း အသေအချာတွက်လိုက်တော့ သေနာပေါ်တာနဲ့ သေတာမှတစ်ပါး ဘာမှမရှိဘူး. . . (ဘာမှ မရှိပါဘူးဘုရား)။

ဘာရှိသေးတုံး. . . (ဘာမှမရှိပါဘူးဘုရား) သေနာ ပေါ်တာနဲ့သေတာမှတစ်ပါး. . . (ဘာမှမရှိပါဘူးဘုရား) ဒါ ဖြင့် ဒကာဒကာမတို့ ဟောတာ စကြဝဠာမင်းကြီးပဲဆို တော့ကော ဒီငါးခုက စကြဝဠာမင်းကြီးပဲဆိုတော့လည်း ဒါပဲ ဒကာဒကာမတို့. . . (မှန်လှပါ)။

ဗြဟ္မာမင်းကြီးလဲ. . . (ဒါပါပဲဘုရား) ဒါဖြင့် ဗြဟ္မာ မင်းကြီးလဲ သေနာပေါ်တာနဲ့သေတာ သေတယ်ဆိုတဲ့ ဒုက္ခ သစ္စာပဲရှိတယ်. . . (မှန်ပါ) စကြဝဠာမင်းကြီးမှာကော. . . (သေနာပေါ်တာနဲ့သေတာပဲရှိပါတယ်ဘုရား)။

ဒါဖြင့် သဗ္ဗေသင်္ခါရာ ဒုက္ခ၊ သံခိတ္တေနပဉ္စု ပါဒါနက္ခန္ဓာပိဒုက္ခာ အင်း ဒုက္ခသစ္စာကြီးလို့ ဘုရားကဟော ထားတာ ခုတော့ဖြင့် ဟုတ်ပြီ ကိုယ့်သန္တာန်မှာ ဖြစ်တာ တောင်မှဒုက္ခသစ္စာပဲရှိတာပဲ တခြားဘာများ ရှိသေး သတုံး. . . (မရှိသေးပါဘူးဘုရား)။

## ဖြစ်တာပျက်တာပဲရှိတယ်

ဖြစ်ပျက်ပဲ ရှိတယ်. . . (မှန်လှပါ) ဖြစ်တာက သေနာ ပေါ်တာ၊ ပျက်တာက သေတာ ဒါဖြင့်သေနာပေါ်တာနဲ့

သေတာမှတစ်ပါး ကျုပ်တို့ သန္တာန် ဘယ်တရားများ ထူးထူး ခြားခြား ရွှေတုံးရွှေခဲများထွက်လာတာ ရှိသတုံးလို့ မေးချင်တယ်. . . (မရှိပါဘူးဘုရား)။

ရှိကြသေးရဲ့လား. . . (မရှိပါဘူးဘုရား) မရှိဘူးဆို တာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

## နောက်ကနေသာကြည့်

အဲဒါ ကိုယ့်စိတ်ကလေးကို စိုက်ပြီး ပထမပေါ်တာ လေးကို နောက်ကနေသာကြည့် ရှိသေးလား မရှိဘူးလား သာကြည့်. . . (မရှိပါဘူးဘုရား)။

မရှိကတည်းက ဩော်. . . သေချင်လို့ပေါ်လာပြီး သေရှာတာပဲကိုး ဘယ့်နှယ်ဆိုကြ. . . (သေချင်လို့ပေါ်ပြီး သေပါတယ်ဘုရား) သေချင်လို့ပေါ်ပြီး သေတာပဲ ဒါပဲရှိ တယ် ဒကာဒကာမတို့ တခြားဘာရှိသေးသတုံး. . . (မရှိ ပါဘူးဘုရား) သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

ဩော်. . . သေချင်လို့ပေါ်တာရယ်၊ သေသွားတာ ရယ် ဒါပဲရှိတော့ စကြဝဠာမင်းဆိုတာလည်း ဒီငါးခု ဒီသေနာ ပေါ်တာနဲ့သေတာပဲရှိတာ ပြဟ္မာမင်းကြီးဆိုတော့ . . . (သေနာပေါ်တာနဲ့ သေတာပဲ ရှိပါတယ်ဘုရား)။

ဩော်. . . ဒါကြောင့် သစ္စာသိလို့ သံသရာပြတ် တယ်ဆိုတာ ဒီဘက်က သံသရာ အားထုတ်မည့်တရားတွေ

ပြတ်ထွက်သွားတယ်. . . (မှန်လှပါ) ဦးဘအုံး ကောင်း ကောင်းကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဦးစံရင်တို့ကော ဩော်. . . ဘယ့်နှယ်ကြောင့် ဒီဘက်ကသုံးခု မပေါ်နိုင်ပါလိမ့်မတုံး မေးလို့ရှိရင် ဒကာ ဒကာမတွေ သစ္စာသိလို့. . . (မှန်လှပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီဘက်ကဟာဘာတုံး. . . (သစ္စာပါဘုရား) ဒီဘက် ကဟာ. . . (သိလို့ပါဘုရား) ဩော်. . . သစ္စာသိလို့ ဘယ် လောက်အဖိုးတန်သွားတုံး ဒကာဒကာမတို့ သစ္စာသိလို့ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား) ကိုမြရွှေတို့ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

သစ္စာ. . . (သိလို့ပါဘုရား) ဒါက သစ္စာ ဒီဘက်က . . . (သိလို့ပါဘုရား) ဩော်. . . ဒါဖြင့် ဒကာဒကာမတို့ ပေါ်တိုင်းပေါ်တိုင်း ခင်ဗျားတို့ သေနာပေါ်တာနဲ့ သေတာပဲ ရှိတယ်လို့ သိသိပေးနေလို့ရှိရင်ဖြင့် ယျှသံသရာကစပြတ် ပါတယ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဩော်. . . ဒါဖြင့် နိဗ္ဗာန်သည် ဆုတောင်းအလုပ် လား၊သံသရာကို ဒုက္ခသစ္စာကို သိရမဲ့ အလုပ်လားလို့ မေး လို့ရှိရင် ဒုက္ခသစ္စာသိလို့ရှိရင် နိဗ္ဗာန်ရောက်တယ်. . . (မှန်လှပါဘုရား)။

ဒုက္ခသစ္စာမသိရင်. . . (မရောက်ပါဘူးဘုရား) ဘယ်

နည်းနဲ့မှ မရောက်ဘူးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မှတ်ပါ။

## သေနာပေါ်တာနဲ့သေတာပဲရှိတယ်

ရွှေပိုင်းက ငါဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) မြန်မာလို နာနာပြောစမ်းပါဆိုတော့ သေနာပေါ်တာနဲ့ သေတာပဲ. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သေနာပေါ်တာနဲ့. . . (သေတာပါဘုရား) သေနာပေါ်တာနဲ့ သေတာပဲရှိတယ်ဆိုတော့ ပေါ်လာတာ သေဖို့ရာပေါ်လာလို့ သေတယ်ပြောတာ. . . (မှန်လှပါ) နောက်ကျတော့ ကြည့်လိုက်တော့ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

မရှိတော့သေသွားရှာတယ် သဘောကျပလား. . . (ကျပါတယ်ဘုရား) အဲဒီကဲ့သို့ သေနာပေါ်တာနဲ့ သေတာဟာ ဒကာဒကာမတွေ၏ ဆုတောင်းပြည့် ထားတဲ့ ခန္ဓာပဲ. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

လူချမ်းသာခန္ဓာလည်း သေနာပေါ်တာနဲ့သေတာပဲရှိတယ်. . . (မှန်လှပါဘုရား) လူဆင်းရဲခန္ဓာကော. . . (သေနာပေါ်တာနဲ့သေတာပါဘုရား) ဒါပဲရှိတယ်. . . (မှန်လှပါဘုရား)။

ဒါပဲရှိတော့ အင်း. . . (၃၁)ဘုံထဲမှာဖြင့် ဘယ်သူနဲ့

ဘယ်သူဘာထူးသေးသတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး. . . (မထူးပါဘူးဘုရား)။

ဪ. . . ဒါဖြင့် ဒကာဒကာမတို့ (၃၁)ဘုံထဲမှာဖြင့် သေနာပေါ်တာနဲ့ သေတာမှတစ်ပါး ဦးဘအုံး ဘာများမျှော်လင့်ချက်ရှိသေးသတုံး. . . (ဘာမှမျှော်လင့်ချက်မရှိပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက ယခုသစ္စာတရားကို ဟောနေပါတယ် သေနာပေါ်တာနဲ့ သေတာက. . . (ဒုက္ခသစ္စာ) သိတာက. . . (မဂ္ဂသစ္စာပါဘုရား) ဪ. . . သစ္စာနှစ်ပါး အသေအချာဟောနေတယ် သဘောကျပလား. . . (မှန်ပါ)။

သစ္စာနှစ်ပါး အသေအချာမဟောပေဘူးလား. . . (ဟောပါတယ်ဘုရား) ကောင်းပြီ ရှေ့ပိုင်းက ဘာတွေပါလိမ့် . . . (ဒုက္ခသစ္စာပါဘုရား) အင်း. . . နောက်ပိုင်းက. . . (မဂ္ဂသစ္စာပါဘုရား) အဲ. . . မဂ္ဂသစ္စာ သိတာက မဂ္ဂသစ္စာ သဘောကျပလား. . . (မှန်လှပါ)။

ဒါဖြင့်သေနာပေါ်တာနဲ့ သေတာက. . . (ဒုက္ခသစ္စာပါဘုရား) ဪ. . . သေနာပေါ်တာနဲ့ သေတာမှတစ်ပါး ဘာမှအကောင်းမရှိပါလားဆိုတာ. . . (မဂ္ဂသစ္စာပါဘုရား)။

ဒုက္ခပိုင်ပိုင်နိုင်နိုင်သိတယ်ဆိုတော့ သေနာပေါ်တာ

နဲ့သေတာမှတစ်ပါး ဘာမှမရှိဘူးလို့သိတာဟာ ဒါ ပိုင်ပိုင် နိုင်နိုင်သိတာပဲ သဘောကျပလား. . . (မှန်ပါ)။

## ကောဏ္ဍည သိသွားပြီ

အဲတော့ 'အညာသိ ကောဏ္ဍညော' ကောဏ္ဍညော ကောဏ္ဍညသည် အညာသိ သေနာပေါ်တာနဲ့သေတာကို သိ၏. . သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဓမ္မစကြာ ကောဏ္ဍညော၊ ကောဏ္ဍညသည် အညာသိ သေနာပေါ်တာနဲ့သေတာတော့ သိပြီကွာ ကောဏ္ဍည သိသွားပြီ ကောဏ္ဍည သိသွားပြီဆိုတော့ မဂ်ရပြီပြောတာ၊ ခင်ဗျားတို့လည်း ဒီအတိုင်း ဘုန်းကြီးပြောတဲ့အတိုင်း အိမ် ရောက်တော့ ဘယ်စိတ်ကလေး ပေါ်လာလာ၊ ဘယ်ဝေဒနာ ပေါ်လာလာ ဩော်. . . ပျောက်သွားပြီ။

ပျောက်မှာပဲတဲ့ လာကတည်းက သေမလို့လာပြီး သေသွားရာတာ သေမလို့လာတာရယ် သေတာရယ် ခန္ဓာ ကိုယ်ထဲ ဒိပြင်ဘာရှိသေးလဲ. . . (မရှိပါဘူးဘုရား)။

## ပညာလေးနဲ့သာလိုက်ပါ

အဲဒါ ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ကို မြင်ရမယ် ထိုကဲ့သို့ သေနာ ပေါ်တာနဲ့ သေတာလေးကို ဒကာဒကာမတွေက လာတိုင်းလာတိုင်း မရှိဘူးမရှိဘူး သေဖို့ရာ ပေါ်လာလို့

သေသွားပြီ၊ သေဖို့ရာပေါ်လာလို့သေသွားပြီလို့ ပညာလေးနဲ့သာ လိုက်လိုက်တော့နော်. . . (မှန်ပါ)။

ဘယ်တရားပေါ်ပေါ် ဝေဒနာပေါ် ဒီအတိုင်း၊ စိတ်ပေါ်လာရင်ကော. . . (ဒီအတိုင်းပါဘုရား) ရုပ်ပေါ်လာရင်ကော. . . (ဒီအတိုင်းပါဘုရား) ဒီအတိုင်းရှုလိုက်တော့ သေတာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

အဲ အဲဒီနှစ်ခုစလုံးဟာ တစ်ခုမှအကောင်းမပါဘူးလို့ သိတာက. . . (မဂ္ဂသစ္စာပါဘုရား) ဩော်. . . မဂ္ဂသစ္စာသည် ဒါတွေဟာ ရှေ့ပိုင်းမှာ ဒုက္ခမှတစ်ပါး ဘာမှမရှိဘူး အကောင်းတစ်ခုမှ မရှိဘူးလို့ဆိုတော့ ခင်ဗျားတို့ ဒုက္ခပိုင်ပိုင်နိုင်နိုင် မသိဘူးလား. . . (သိပါတယ်ဘုရား)။

ဒါဖြင့် ပိုင်ပိုင်နိုင်နိုင်သိတာက. . . (မဂ္ဂသစ္စာ) ရှေ့ပိုင်းက ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိတာက. . . (မဂ္ဂသစ္စာပါဘုရား) ဩော်. . . တဏှာ၊ ဥပါဒါန်၊ ကံ ဆက်ဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘူးဘုရား)။

အင်း. . . မင်းတို့ချုပ်တော့လို့ ဆိုရတာလား ဒကာဒကာမတို့ မင်ပေါ်လို့ သူ့သဘောနဲ့သူချုပ်သွားတာလား. . . (မင်ပေါ်လို့သူ့သဘောနဲ့သူ ချုပ်သွားတာပါဘုရား)။

## သူ့အလိုလိုပယ်ပြီးသား

ဪ. . . ဒါဖြင့် သမုဒယသစ္စာ ပဟာတဗ္ဗနဲ့ ပယ်ရမယ်ဆိုတာ ဒကာဒကာမတို့ စာမို့ဟောတာပါ သေနာပေါ်တာနဲ့သေတာ သိနေလို့ရှိရင် သမုဒယသစ္စာ သူ့အလိုလိုပယ်ပြီးသားဖြစ်သွားတယ်. . . (မှန်ပါ)။

ဘယ်လိုပါလိမ့်. . . (သူ့အလိုလိုပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား) သူ့အလိုလိုပယ်ပြီးသား ဖြစ်သွားတယ် ဒကာဒကာမတွေ စဉ်းစားမိကြပလား. . .

ဒါဖြင့် မယုံရင် စဉ်းစားကြည့်ပါ ဒီပြင်ခတ်ကြမ်းကြမ်းနဲ့ပြောလိုက်တယ်နော် ခွေးကလေးတစ်ကောင်ကို ဒကာဒကာမတွေက ပထမ ရှင်စဉ်အခါတုန်းကတော့ အမွေးလေး အရောင်အဆင်းလေး ကောင်းတုန်းက တစ်အိမ်လုံးဝိုင်းပြီး ခင်ကြတာပေါ့နော်။

ဒီခွေးလေးဟာ နောက် နှစ်ရက် သုံးရက်နေပြီး သေသွားတယ် သေသွားပြီးနောက် ပုပ်လာတဲ့အခါကျတော့ တစ်အိမ်လုံးကပဲ ဒီခွေးကလေးကို ဒကာဒကာမတို့ သိတဲ့အတိုင်းတဲ့ ခွေးပူဇော်ပွဲလုပ်ချင်သလား၊ လွှင့်ပစ်တဲ့ပွဲ လုပ်ချင်သလား. . . (လွှင့်ပစ်တဲ့ပွဲ လုပ်ချင်ပါတယ်ဘုရား)။

ဘာဖြစ်လို့ လုပ်ချင်တာတုံး. . . (ပုပ်သွားလို့ပါဘုရား) အသုဘမှန်းသိလို့. . . (မှန်ပါ) သဘောကျပလား . . . (မှန်လှပါဘုရား) အသုဘမှန်းသိသွားတယ်။

## ခန္ဓာကိုယ်မလိုချင်တော့ဘူး

အဲသုဘမှန်း သိသွားတဲ့အခါကျတော့ စွန့်ချင်တယ် နော်. . . (မှန်လှပါဘုရား) ဒါဖြင့် ဒကာဒကာမတွေ ဒီအတိုင်းပါပဲတဲ့ မိမိခန္ဓာကို သေနာပေါ်တာနဲ့သေတာသိရင် ဖြင့် ခန္ဓာကိုယ် စွန့်ပစ်တယ်၊ ခန္ဓာကိုယ် မလိုချင်တော့ဘူး။

လိုချင်သေးလား. . . (မလိုချင်ပါဘူးဘုရား) လိုချင် တာက နောက်ကလာမှ လိုချင်တာ၊ တဏှာ ဥပါဒါန်လာမှ လိုချင်တာ. . . (မှန်ပါ) သူလာသေးရဲ့လား. . . (မလာပါ ဘူးဘုရား)။

အဲဒါကြောင့်သေနာပေါ်တာနဲ့သေတာကိုသာ ဒကာဒကာမတွေက ကြည့်နေကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ဘုံဘဝနှစ်သက်တဲ့ တဏှာတွေ၊ ကံတွေ လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

မလာတော့ ဒကာဒကာမတို့ ဩော်. . . သမုဒယ သစ္စာလည်းချုပ်သွားပြီ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား) အင်း. . . ဘယ်သူကြောင့်ချုပ်ပါလိမ့်မတုံးလို့ ဟောဒီ မဂ္ဂသစ္စာ သေနာပေါ်တာနဲ့သေတာကို ရှေ့ပိုင်းက ဆုံးဖြတ်ချက်ချနေတာနဲ့ နောက်ကအလိုလိုသေနေတယ် မသေဘူးလား. . . (သေပါတယ်ဘုရား)။

နောက်က အလိုလိုသေတော့ အင်း. . . ငါစုတေ မနေသေလို့ရှိရင် ဘယ်များသွားရဦးမှာတုံး. . . အို စိမ်မည့်

တရားတွေတောင်မရှိဘဲနဲ့ ဘယ်သွားစရာရှိသေးသတုံး. . . (မရှိပါဘူးဘုရား)။

ဇာတိ ဇရာ မရဏ ဒုက္ခလွတ်တဲ့ဆီသွားမယ်. . . (မှန်လှပါ) ဒီပြင်ဘယ်သွားစရာ ရှိသေးသတုံး. . . (မရှိပါဘူးဘုရား) ဇာတိ ဇရာ မရဏ လုပ်တဲ့တရားရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

## မရှိဘူးလို့သိဖို့အရေးကြီးတယ်

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ အမြင်သန်ဖို့ရာက ပရမတ်ကလေးတစ်ခု ခန္ဓာကိုယ်ထဲမှာပေါ်ဗျာ စိတ်ကလေးပေါ်ပေါ်၊ ဝေဒနာကလေးပေါ်ပေါ် မရှိဘူးတွေးလိုက်၊ တွေးလိုက်တဲ့အခါ မရှိဘူး မရှိဘူးလို့သိဖို့ အရေးကြီးတယ်သဘောကျပလား. . . (မှန်ပါ)။

ဘယ်လိုသိရမှာပါလိမ့်. . . (မရှိဘူးလို့သိရမှာပါဘုရား) မရှိဘူးလို့သိရမယ်၊ မရှိဘူးဆိုတာ ဘာတုံးလို့မေးတဲ့အခါကျတော့ ဩော်. . . ခုနက ဖြစ်တဲ့တရားလေး အခုအခါမှာဉာဏ်နဲ့ ရှာလိုက်တဲ့အခါမှာ မရှိရှာဘူး ဟုတ်လား . . . (မှန်လှပါ)။

မရှိရှာတာ သေသွားလို့ပေါ့ ဘယ်နှယ်ကြောင့်သေသွားပါလိမ့်မတုံးလို့မေးတဲ့အခါ သေမလို့လာလို့ သေသွားရှာတယ်၊ ဘယ့်နှယ်ဆိုကြမတုံး. . . (သေမလို့လာပြီးသေ

သွားပါတယ်ဘုရား)။

သေမလို့လာပြီးသေသွားရှာတာ သဘောကျပလား . . . (ကျပါတယ်ဘုရား) ဘယ်လိုကြောင့်ပါလိမ့်. . . (သေမလို့လာပြီးသေသွားတာပါဘုရား)။

အဲတော့. . . ခင်ဗျားတို့ကြားတဲ့စိတ်ကလေးဟာလည်း တောက်လျှောက်သေမလို့ ပေါ်လာလို့သေသွားတာ စားတဲ့စိတ်ကလေးဟာလည်း. . . (သေမလို့လာပြီး သေသွားတာပါဘုရား)။

အင်း. . . ဘယ်သူသေတာတုံးဆိုတော့ စားတဲ့သူသေတာ. . . (မှန်လှပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား) စားတဲ့သူသေတယ်ဆိုတော့ ဘယ်မှာတုံး အသုဘလို့ ပြောဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အင်း. . . ခင်ဗျားတို့က ရုပ်ဘက်ကလှမ်းမေးနေတာ နာမ်ဘက်က အသုဘက မှိုပေါက်နေပြီ၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား) ရုပ်ဘက်ကလှမ်းမေးတော့ ဘယ်မှာတုံး အသုဘလို့ဆိုတာမေးမယ်. . . (မှန်ပါ)။

လိုရင်းတော့ ရုပ်ဆိုတာကတော့ ဒကာဒကာမတို့ အထည်ကြီးမို့ ခင်ဗျားတို့က အင်း. . . ထင်ထင်ရှားရှား မြင်ရလို့ ရှင်းပါတယ် ဒီရုပ်ကို စိတ်ကစောင့်နေတယ်။

ဒီစိတ်ရှိလို့ အသက်ရှင်နေတာ ဒီစိတ်မရှိရင်. . . (အသက်မရှင်ပါဘူး ဘုရား) စိတ်သေကတည်းက သူနဲ့တွဲတဲ့ရုပ်ဟာကော. . . (သေပါတယ်ဘုရား)။

## စိတ်သေတာမြင်အောင်ကြည့်

သေတာပဲဆိုတာကျတော့ စိတ်သေတာသာ မြင်အောင်ကြည့်ရင် ရုပ်သေတာဟာ သူ့ဟာသူအတွဲလိုက်ပါသွားတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒကာဒကာမတို့ သန္တာန်ဘယ်စိတ်ပေါ်ပေါ် နောက်ကနေပြီး ကြည့်စမ်း ရှိမရှိကြည့်စမ်း. . . (မရှိပါဘူးဘုရား) ဘယ့်နှယ်ကြောင့် မရှိပါလိမ့်မတုံးဆိုတော့ သေဖို့ရာပေါ်လာလို့ သေသွားပြီ သဘောကျပလား. . . (မှန်ပါ)။

အဲဒီ သေဖို့ရာပေါ်လာတာ ဘယ်သူတုံးလို့မေးတော့ ဦးဝ စိတ်ဖြစ်ခဲ့လို့ရှိရင် ဦးဝသေတာ. . . (မှန်ပါ) ဒေါ်ရွှေတို့ စိတ်ဖြစ်ခဲ့လို့ရှိရင်. . . (ဒေါ်ရွှေသေတာပါဘုရား) ဒေါ်ရွှေသေတာပဲ သဘောကျပလား. . . (မှန်ပါ)

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ခန္ဓာကြီး ကိုယ်ပြန်ကြည့်လိုက်တော့ ဘာသစ္စာတွေ့တုံး. . . (ဒုက္ခသစ္စာတွေ့ပါတယ်ဘုရား) အင်း. . . ဒုက္ခက ဆင်းရဲတာ သစ္စာက. . . (မှန်တာပါဘုရား)။

ဩော်. . . ဒါဖြင့် သစ္စာက အမှန်ဆိုတော့ ကိုယ့်သန္တာန်မှာ ဆင်းရဲတာအမှန်မှတစ်ပါး ဘာမှမရှိဘူး. . . (မရှိပါဘူးဘုရား) ဆင်းရဲတာ အမှန်သည် ဒုက္ခသစ္စာ. . . (မှန်လှပါ) ဆင်းရဲတာအမှန်ရယ်လို့ ဆုံးဖြတ်ချက်ချနိုင်တာက. . .

အဲဒီနှစ်ခုစလုံးဟာ ဆင်းရဲတာအမှန်ချည်း မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား) သေနာပေါ်တာလည်း ဆင်းရဲတာပဲ. . . (မှန်ပါ) သေသွားတာလည်း သေခြင်းဆင်းရဲနဲ့ကြုံတာပဲ. . . (မှန်ပါ)။

ဒီပြင်ဘာရှိသေးသတုံး. . . (မရှိပါဘူးဘုရား) ဒါဖြင့်ဒကာဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာဆိုတာ ခင်ဗျားတို့ လက်ကိုက်တာ၊ ခြေကိုက်တာ၊ နောက်ကြောတက်တာ၊ ဘေးကြောထိုးတာကို ဆိုတာမဟုတ်ဖူး အဲဒါ တိရစ္ဆာန်သိလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

## သေဖို့ရာပေါ်လာလို့သေသွားပြီ

အခုပေါ်လာတဲ့ စိတ်ကလေး၊ ခု ပေါ်လာတဲ့ဝေဒနာလေးဟာ အခုမရှိဘူး ဆိုတာကို ဘုန်းကြီးပြောတဲ့အတိုင်း ဆုံးဖြတ်ချက်ချ. . . (မှန်ပါ) ဩော်. . . သေဖို့ရာပေါ်လာလို့ သေသွားပြီ. . . (မှန်ပါ)။

ဒါသူများသေတာလား မိမိသေတာလား. . . (မိမိသေတာပါဘုရား) ဩော်. . . မိမိဒုက္ခရောက်တာ၊ ဒါဖြင့် မိမိဒုက္ခကိုမိမိသိတယ်. . . (မှန်ပါ)။

မိမိဒုက္ခရောက်တာကို. . . (မိမိသိပါတယ်ဘုရား) ဒါဖြင့် မိမိဒုက္ခရောက်တာက ဒုက္ခသစ္စာ၊ မိမိသိတာက. . . (မဂ္ဂသစ္စာပါဘုရား) သူများပြောလား. . . (ကိုယ်တိုင်သိ

(မဂ္ဂသစ္စာပါဘုရား)။

## ဘာများဖြစ်ချင်သေးသတုံး

ဒီလိုဆိုတော့ ဒကာဒကာမတို့က ယျွခန္ဓာကိုယ်ကြီး ဆင်းရဲတာ အမှန်ကြီးသိနေပြီဆိုမှဖြင့် နောက်ဘာများဖြစ်ချင်သေးသတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး. . . (ဘာမှမဖြစ်ချင်ပါဘူးဘုရား)။

ဘာမှမဖြစ်ချင်ဘူး ဒကာဒကာမတို့ ဘာများဖြစ်ချင်သတုံး. . . (ဘာမှမဖြစ်ချင်ပါဘူးဘုရား) ဘာမှမဖြစ်ချင်ဘူးလို့ဆိုတဲ့ဥစ္စာက အထည်ဟူသ၍ ဘာမှမဖြစ်ချင်ဘူး. . . (မှန်ပါ) သဘောကျပလား။

အထည်ဟူသ၍ဖြင့်. . . (ဘာမှမဖြစ်ချင်ပါဘူးဘုရား) ဘာမှမဖြစ်ချင်ဘူးတဲ့ ဘာပြုလို့တုံးဆိုတော့ တပည့်တော် ဉာဏ်နဲ့သိပြီတဲ့ သဘောကျပလား . . . (မှန်ပါ)။

ဉာဏ်နဲ့သိပြီတဲ့ ဆင်းရဲတာအမှန်မှတစ်ပါး ဘာမှမရှိပဲနဲ့ ဘာဖြစ်ချင်စရာလိုသေးသတုံး. . . မလာဘူးလား. . . (လာပါတယ်ဘုရား) ဒါဖြင့်ခင်ဗျားတို့ ဆင်းရဲတာအမှန်ကိုဖြင့် သေသေချာချာ ဆရာဘုန်းကြီးက ရှင်းပေးနေတော့ ဘယ်စိတ်ပေါ်ပေါ်၊ ဘယ်ဝေဒနာပေါ်ပေါ် ဆင်းရဲတာအမှန်ချည့်ပဲလို့ကြည့်ပေးစမ်း. . . (မှန်လှပါဘုရား)။

ဆင်းရဲတာအမှန်က. . . (ဒုက္ခသစ္စပါဘုရား) ဆင်းရဲတာအမှန်လို့သိလိုက်တာက. . . (မဂ္ဂသစ္စာပါဘုရား) အဲဒီ မဂ္ဂသစ္စာကတော့ မဂ်ဆိုတာ ဆုတောင်းအလုပ်လား ဆင်းရဲတာအမှန်သိဖို့ အလုပ်လား. . . (ဆင်းရဲတာအမှန် သိဖို့ အလုပ်ပါဘုရား)။

ဩော်. . . သိပ်အဖိုးတန်ပါလား ဒကာဒကာမတို့ ဆင်းရဲတာအမှန်သိဖို့ အလုပ်ဟာ မိမိတို့၏ ကိုယ်ဘဝကိုယ် ခု လက်ရှိဘဝကော ခင်သေးရဲ့လား. . . (မခင်ပါဘူးဘုရား) လက်မဲ့ဘဝကော. . . (မခင်ပါဘူးဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပစ္စုပ္ပန်တဏှာသေလို့ အနာ ဂတ်တဏှာချုပ်ရတယ်. . . (မှန်လှပါဘုရား) ပစ္စုပ္ပန်တဏှာ သေလို့. . . (အနာဂတ်တဏှာသေပါတယ်ဘုရား)။

## အနာဂတ်ခန္ဓာမလာဘူး

ကိုင်း. . . ဒါဖြင့် ပစ္စုပ္ပန်တဏှာက ယျှဘဝပေါ်တဲ့ တဏှာ၊ ဥပါဒါန်၊ ကံ. . . (မှန်လှပါ) ဒါကို ပေါ်ခွင့်ရသေးလား . . . (မရပါဘူးဘုရား) ဒါဖြင့် ပစ္စုပ္ပန်တဏှာသေတဲ့အတွက် အနာဂတ်ခန္ဓာက လာပါဆိုလို့. . . (မလာပါဘူးဘုရား)။

လာရင် ဘာခန္ဓာလာမှာတုံးလို့မေးရင် ဒုက္ခသစ္စာခန္ဓာ လာမယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါတယ်

ဘုရား) သူလာချင်ပေမယ့် သူလုပ်ပေးတဲ့တရား ရှိဦးမှ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဘယ်နှယ်ကြောင့် မရှိပါလိမ့်မတုံး နောက်ဆုတ်တွေတော့ လက်ရှိကို ဆင်းရဲတာအမှန်သိနေလို့. . . (မှန်လှပါဘုရား) လက်ရှိကို. . . (ဆင်းရဲတာ အမှန်သိနေလို့ပါဘုရား)။

လက်ရှိခန္ဓာကို. . . (ဆင်းရဲတာအမှန် သိနေလို့ပါဘုရား) ဒါဖြင့် နိဗ္ဗာန်ရောက်ဖို့ ဒကာဒကာမတို့ မဝေးပါဘူး အင်မတန်ကံကောင်းတဲ့ ဒကာဒကာမတွေပါ။

ကိုယ့်စိတ်ကလေး၊ ကိုယ့်ဝေဒနာကလေး၊ ကိုယ့်သညာကလေး၊ ဩော်. . . ဒါလေးဟာ မရှိဘူး မရှိဘူး မိမိသေတာပဲ ဝေဒနာက္ခန္ဓာဆိုတာလည်း ခင်ဗျားတို့ပဲ မဟုတ်လား. . . (မှန်လှပါ)။

ဝိညာဏက္ခန္ဓာဆိုတာ. . . (တပည့်တော်တို့ပါ) ခင်ဗျားတို့ပဲ ဆိုနေတာပဲ၊ အဲတော့ ကိုယ့်အသေကိုယ်သိပြီး သကာလ နေတဲ့ ဒကာဒကာမတွေဟာ အင်း. . . ဘယ်မှာသာလျှင် ဒကာဒကာမတို့ ဒါမျိုးနောက်ထပ်ဖြစ်ချင်သေးလားလို့ မေးဖို့လိုသေးလား. . . (မလိုပါဘူးဘုရား)။

မလိုတော့ဘူးနော်. . . (မှန်ပါ) ဘယ်နှယ်ကြောင့် မလိုပါလိမ့်မတုံးလို့ မေးတော့ ကိုယ့်ခန္ဓာလက်ရှိခန္ဓာကြီးဟာ သေနာပေါ်တာနဲ့ သေသွားတာပဲရှိတယ်။

ဘုရား) ကိုယ်တိုင်သိ သဘောကျပလား. . . (မှန်ပါ)။

သူများပြောလား ကိုယ်တိုင်သိလား. . . (ကိုယ်တိုင်သိပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဘုန်းကြီးတရားဆုံးအောင် မဟောနိုင်ပြီးသော်လည်း ခင်ဗျားတို့ ဒီဉစ္စာ ယနေ့ကစပြီး လုပ်ကြည့်စမ်းပါနော်. . . (မှန်ပါ)

ဆုံးအောင်မဟောနိုင်ဘူးလေ နက်ဖြန် သဘက်ဒီလိုဆက်ဟောသွားရမှာပဲ. . . (မှန်ပါ)။

## သစ္စကပရိဗိုဇ်

ကောင်းပြီ ဒါဖြင့် ဒီလိုသိနေလို့ရှိရင်တဲ့ သစ္စကပရိဗိုဇ်က မေးတယ် ဒကာဒကာမတို့ သစ္စကပရိဗိုဇ်ကမေးတယ် တခြားသော သာသနာတော်မှာတော့ ဘုရား ဘာသာတစ်ခုက တစ်ခုကို ကူးချင်ကူးလိုက်ရှိတယ်။

အခု သစ္စကပရိဗိုဇ်က အရှင်ဘုရားရှိတုန်းမှာ အရှင်ဘုရား၏ တပည့်သားတွေဘယ်သာသနာဘက်မှ မပြောင်းတာဘာကြောင့်တုံး တစ်ခါတည်းမေးတာ၊ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

အရှင်ဘုရားရှိတုန်းမှာတဲ့ အရှင်ဘုရားတပည့်သားသမီးတွေဟာ တစ်ပါးသော တိတ္ထိတွေဘာသာဘက်ကို မပြောင်းဘူးတဲ့ အဲဒါဘာကြောင့်တုံးတဲ့ သစ္စကပရိဗိုဇ်က

မေးတယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါတယ် ဘုရား)

ဘယ်သူကမေးတာတုံး. . . (သစ္စကပရိဗိုဇ်က မေး တာပါဘုရား) ဪ. . . ငါ့ဘုရားသာသနာထဲမှာကွာ ဒီလို ပါကွတဲ့ မပြောင်းတာ ငါရှင်းရှင်းလင်းလင်းပြောရလို့ရှိရင်ကွ တဲ့ မင်းတို့စဉ်းစားကြည့်ပါတဲ့ သေနာပေါ်တာနဲ့ သေတာ မှတစ်ပါး ဘာမှမရှိဘူးဆိုတာလေးကို တစ်ခါတည်း ငါလည်း မဟုတ်ဘူး ငါ့ဥစ္စာလည်းမဟုတ်ဘူး။

ဒါသေနာပေါ်တာနဲ့သေတဲ့ ဒုက္ခသစ္စာပဲ၊ ငါလည်း မဟုတ်ဘူး ငါ့ဥစ္စာလည်းမဟုတ်ဘူး၊ ဒိဋ္ဌိဝင်သေးရဲ့လား . . . (မဝင်ပါဘူးဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါမရှိ

ဘာရှိတုံး. . . (သေနာပေါ်တာနဲ့သေတာပဲရှိပါ တယ်ဘုရား) ဒါဖြင့်ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒီလိုသေနာပေါ်တာနဲ့သေတာမှတစ်ပါး ပုဂ္ဂိုလ်သတ္တဝါလည်း မရှိဘူး၊ ငါလည်းမရှိဘူး၊ ငါ့ဥစ္စာလည်းမရှိဘူး ဆိုတဲ့ဥစ္စာ သူ့ ဉာဏ်ထဲရှင်းနေတယ်ကွတဲ့။

သူ့ဉာဏ်ထဲမှာရှင်းပြီးသကာလ နေတော့ ဒီဥစ္စာ သူ တစ်ပါးက ဘာပြောပြော ဘယ်နေရာကောင်းပါတယ်ပြော ပြော မယုံဘူးဟဲ့တဲ့ ဘယ်သာသနာက ကောင်းပါတယ်

ဒိဋ္ဌိမ္ဗအကျိုးပေးပါတယ်ဆိုလည်း မယုံတော့ဘူးတဲ့ သဘော ကျပလား. . . (မှန်လှပါ)။

အင်း. . . ဘယ်ဘုရားက ဘယ်လိုကယ်တင်နိုင်တယ်ဆိုတာတောင် မယုံဘူးကွတဲ့ သူ့မှာလည်း သေနာ ပေါ်တာနဲ့ သေတာပဲရှိတာပဲတဲ့ ငါ ငါ့ဥစ္စာလုံးဝမရှိတာကြီး သူက ဖန်ဆင်းနိုင်တယ်ဆိုတာ ငါဘယ်နည်းနဲ့မှ ဒီပုဂ္ဂိုလ်ဟာ ငါဘုရားသာသနာတော်မှာ ဒီသစ္စာဆိုက်ထားတဲ့ ပုဂ္ဂိုလ်ဟာ မပြောင်းတော့ဘူးတဲ့ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။

## သစ္စာဆိုက်မှအယူမြဲတယ်

သစ္စာဆိုက်ထားတဲ့ပုဂ္ဂိုလ်ဟာ. . . (မပြောင်းတော့ပါဘူး ဘုရား) အဲဒါကြောင့် ခင်ဗျားတို့မှာလည်းတဲ့ ဒီသစ္စာမဆိုက် သေးလို့ရှိရင်ဖြင့် အယူဝါဒမမြဲ သေးဘူး. . . (မှန်လှပါဘုရား) သစ္စာဆိုက်ရင် တော့. . . (အယူဝါဒမြဲပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့ အရေးတကြီးပောနေတယ်ဆိုတာကော သိပြီလား. . . (သိပါပြီဘုရား) သစ္စာဆိုက်တဲ့ အချိန်ကစပြီး ခင်ဗျားတို့ သောတာပန် တည်တော့မယ်ဆိုတာ အသေအချာမှတ်. . . (မှန်လှပါ)။

ကောင်းပြီသစ္စာဆိုက်တဲ့အချိန်ကစပြီး သောတာပန် တည်တော့မယ်ဆိုတော့ အိမ်ကျတော့စဉ်းစားလိုက်တာပေါ့ ဖျပ်ဆို စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် နောက်ကနေ ပြီး ရှိမရှိတွေးစမ်း. . . (မရှိပါဘူးဘုရား)။

ဘယ်နှယ်ကြောင့်မရှိပါလိမ့်မတုံး ဒကာဒကာမတို့ (သေသွားလို့ပါဘုရား) သေသွားလို့ မသေခင်ကဘာဖြစ်နေ တုံး. . . (သေနာပေါ်ပါတယ်ဘုရား) သေဖို့ရာပေါ်လာတယ်။

နောက်တော့ဘာဖြစ်သွားတုံး. . . (သေသွားပါ တယ်ဘုရား) ဩော်. . . မိမိခန္ဓာဟာ စားချင်ထဲ့ခန္ဓာဟာ မစားဘဲနဲ့ သေနာပေါ်ပြီးသေရရှာတယ်. . . (မှန်ပါ) စားတဲ့ ခန္ဓာကလည်း စားရင်းနဲ့ပဲ သေနာပေါ်ပြီးတော့. . . (သေရ ရှာပါတယ်ဘုရား)။

စားမလို့သွားတဲ့ခန္ဓာကလည်း မရောက်ခင်. . . (သေနာပေါ်ပြီးသေရပါတယ်ဘုရား) သေနာပေါ်ပြီးသေရ တော့ ဒီအတိုင်းပဲ ဒုက္ခမှတစ်ပါးဘာရှိသေးသတုံး. . . (မရှိ ပါဘူးဘုရား)။

အဲ. . . ငါဘုရားသာသနာမှာ မပြောင်းဘူးဆိုတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဒီအမြင်မျိုးရတဲ့ ပုဂ္ဂိုလ် ဘယ်တော့မှမပြောင်း တော့ဘူးတဲ့. . . (မှန်ပါ) သဘောကျပလား. . . (ကျပါတယ် ဘုရား)။

## ဘယ်တော့မှမပြောင်းတော့ဘူး

ဒီအမြင်မျိုးရတဲ့ပုဂ္ဂိုလ်ဟာ. . . (ဘယ်တော့မှမပြောင်းတော့ပါဘုရား) ဘယ်တော့မှ မပြောင်းတော့ဘူးကွ သစ္စက မှတ်ထားတဲ့ ဒီအမြင်မျိုးရတဲ့ ပုဂ္ဂိုလ်ဟာ တိဏ္ဍဝိစိကိစ္ဆာကွတဲ့ တစ်ခါတည်း လွန်မြောက်သွားပြီတဲ့ ဒီတင်ပုဂ္ဂိုလ်သတ္တဝါ ရှိလေလား မရှိလေလား သူကဘာလုပ်သေးသတုံး ဆိုတာတွေ ဘယ်သူကပြုပြင်ပေးနိုင်သေးသတုံး ဆိုတာတွေလည်း သူတို့မှာမရှိတော့ဘူးကွ။

(၃၁)ဘုံမှာ သေနာပေါ်တာနဲ့သေတဲ့ဒုက္ခသာရှိတယ် ဆိုတာ သူ့မှာသံသယကို ရှင်းပြီး သိနေတဲ့အတွက် ဘယ်သာသနာကကောင်းတယ် ဘယ်သူကပြုပြင်ပေးတာ ကောင်းတယ် ဘယ်အယူဝါဒက လိုက်နာရင်ဖြင့် အကျိုးကျေးဇူး ရှိမှာပဲဆိုတာ မရှိတော့ဘူးတဲ့။

## ဗုဒ္ဓသာသနာမှမရွေ့တဲ့မြင်နည်း

(၃၁)ဘုံမှာ သေနာပေါ်တာနဲ့သေတာချည့်မြင်ထားတယ် ဒါကြောင့် သူမရွေ့တော့ဘူးတဲ့ ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား) ဒါ ဆုံးအောင်မဟောပါဘူးတဲ့ ဒီသာသနာမှ မရွေ့တဲ့မြင်နည်းကို ဒကာဒကာမတွေ ဟောနေတာပါ. . . (မှန်လှပါ)။

ခင်ဗျားတို့ ဒီသာသနာက မရွေ့တဲ့မြင်နည်း သဘော ကျပလား. . . (မှန်ပါ) ကိုယ့်ခန္ဓာကြည့်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့်တဲ့ ဘယ်စိတ်ပေါ်ပေါ် ဘာတွေ့ရမယ်၊ သေနာပေါ်တာနဲ့ သေတာပဲတွေ့မယ်။

ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) အင်း. . . နောက်တစ်ခါပေါ်မှာကလည်း ဘာများစိတ်ကောင်းစိတ်မွန်ကလေး ပေါ်ဦးမှာပဲလား. . . (မဟုတ်ပါဘူးဘုရား)။

ဘာပေါ်မတုံး. . . (သေနာပေါ်တာနဲ့သေမှာပါဘုရား) ဘုရားရှိခိုးတဲ့စိတ်ကလေးမို့ ဒကာဒကာမတို့ အင်း. . . ကျုပ်စိတ်ကောင်းလိုက်တာ စိတ်ကောင်းလေး ပေါ်လာလိုက်တာ ကျုပ်ဝမ်းသာလိုက်တာလို့ လုပ်မနေနဲ့ သူလည်း သေနာပေါ်တာနဲ့သေတာပဲ။

ဒိပြင် ဘာရှိသေးသတုံး. . . (မရှိတော့ပါဘူးဘုရား) ဘာမှမရှိဘူးဆိုတာ ကောင်းကောင်းကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား) ဒါဖြင့် အဲဒီကဲ့သို့ မြင်နေတဲ့ ပုဂ္ဂိုလ်ဟာ သစ္စာဆိုက်နေတဲ့ပုဂ္ဂိုလ် ကျလို့ရှိရင်ဖြင့်တဲ့ ဒကာဒကာမတို့ ဘယ်သာသနာမှ မပြောင်းတော့ဘူး. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဘယ်သာသနာမှမပြောင်းတော့ဘူး

ဘယ်သာသနာမှ. . . (မပြောင်းတော့ပါဘူး ဘုရား)

မပြောင်းဘူးဆိုတာ ခြောက်ချက်ဟောလိမ့်မယ်နော် ခြောက်ချက်ဟောလိမ့်မယ် ခု ဟာက သစ္စာမြင်လို့ မပြောင်းပုံကလေးကိုသာ ခတ်ရှင်းရှင်းပြောနေတယ်. . . (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ ဒီထဲမှာ ဘာများ အားကိုးစရာ ရှိသေးသတုံး မေးရင် ဘယ့်နှယ်ပြောမတုံး. . . (အားကိုးစရာ မရှိပါဘူးဘုရား) ရှေ့ပိုင်းကလည်း အားကိုးစရာ. . . (မရှိပါဘူးဘုရား)။

နောက်ပိုင်းကလည်း သေနေလို့ အားကိုးစရာ မရှိဘူး ဘယ်နှယ်ကြောင့် အားကိုးစရာမရှိသတုံးလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတို့ ရှေ့ပိုင်းကြည့်ပြန်လည်း ဒုက္ခသစ္စာ။

ကောင်းပြီဒါဖြင့် ရှေ့ပိုင်းဒုက္ခသစ္စာတွေ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) ကောင်းပြီ ဒါဖြင့် ဒကာဒကာမတွေက ခုမှတရားစပြီး အားထုတ်မယ့် ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ တပည့်တော်တို့ဟာဘုရား နည်းနည်း ခဲယဉ်းတယ်ဘုရား။

ဒီကျအောင် သွားသွားနေတယ်၊ သွားချင်သွား နောက်က ဒါလိုက်၊ သဘောကျပလား. . . (မှန်လှပါဘုရား) သွားချင်သွားပါ၊ နောက်က ဘာလိုက်ရမတုံး. . . (မဂ်ဉာဏ်ပါဘုရား) နောက်က မဂ်ဉာဏ်လိုက်ရမယ်.

## ဖြစ်ပျက်ဒုက္ခသစ္စာ

တဏှာလေးပေါ်လာလို့ရှိရင် တဏှာပဲလား ခင်ဗျား

တို့ သေနာပေါ်တာနဲ့ သေတာပဲလားကြည့်. . . (သေနာပေါ်တာနဲ့ သေတာပါဘုရား) ဖြစ်ပျက်ပဲမဟုတ်လား. . . (မှန်ပါ)။

ဒါဖြင့် သေဖို့ရာပေါ်လာတာနဲ့ သေတာပဲရှိတော့ သူလည်း ဒုက္ခသစ္စာ၊ ဥပါဒါန်လေးပေါ်လာလည်း. . . (ဒုက္ခသစ္စာပါဘုရား) အဲ. . . ကံလေး ပေါ်လာရင်ကော. . . (ဒုက္ခသစ္စာပါဘုရား)။

အင်း. . ဒါလေးကို အမှန်အကန်သိနေတာက. . . (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် သူလည်းအခေါ်သာ သမုဒယပါ စင်စစ် ဒုက္ခပါ၊ အခေါ်တော့ သမုဒယ အသေအချာဖြစ်စဉ်ကတော့. . . (ဒုက္ခသစ္စာပါဘုရား)။

အခေါ်မှာတော့. . . (သမုဒယပါဘုရား) အင်း. . . အဖြစ်ကြည့်လိုက်တော့. . . (ဒုက္ခသစ္စာပါဘုရား) အဖြစ်ကြည့်တော့ဒုက္ခသစ္စာပဲဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် သစ္စာဟာ ဒကာဒကာမတို့ အသေအချာဝေဖန်ရင် နှစ်ပါးရှိပါတယ်တဲ့၊ သို့သော်လည်း ဒါကို မခွဲ့သေးပါဘူး၊ ဒါပေါ်လာလည်း သူတို့သေနာပေါ်တာနဲ့ သေတာလို့ကြည့်ပေး။

ကြည့်ပေးလို့ဆိုတော့ သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ ကလာတယ်၊ သဘောကျပလား. . . (မှန်ပါ)။

ပဟာယတိ ရူပသဠေတနာလောကေ၊ဇတ္တေသာ တဏှာ ပဟီဒမာနာ ဆိုသောကြောင့် နောက်ကလည်း ရှုရမှာပဲ. . . (မှန်ပါ)။

အင်း. . . ဒါဖြင့်တဏှာပေါ်လာလည်း ခင်ဗျားတို့ ဖြစ်ပျက်ရှု၊ သေနာပေါ်တာနဲ့သေတာပဲရှု၊ ဥပါဒါန်ပေါ်လာရင်ကော. . . (သေနာပေါ်တာနဲ့ သေတာပါဘုရား)။

အင်း. . . ကံကလေးပေါ်လာရင်ကော. . . (သေနာပေါ်တာနဲ့သေတာပါဘုရား) အင်း. . . ခုနက ထသွားတဲ့ ကာယကံကလေးလဲ မရှိဘူး၊ ပြောဆိုတဲ့ ဝစီကံကလေးဟာကော. . . (မရှိပါဘူးဘုရား)။

## မဂ်က ကံကိုဖြတ်တယ်

ဘာပြုလို့တုံး. . . (သေနာပေါ်တာနဲ့သေတာပါဘုရား) အင်း. . . ဒါတွေလည်း ဒုက္ခသစ္စာတွေပဲလို့ ခင်ဗျားတို့က ရှုပေးတော့ ကံ နောက်ကမဂ်လိုက်လိုက်ပြန်တော့လည်း မဂ်က ကံဖြတ်ဖြစ်သွားတယ်. . . (မှန်ပါ)။

ကံဖြတ်ဖြစ်သွားတော့ ဒီဘက်က ဇာတိ ဇရာ မရဏ လာသေးရဲ့လား. . . (မလာပါဘူးဘုရား) ဩော်. . . ဒါဖြင့် မဂ်သည် ဒကာဒကာမတို့ ဒုက္ခလည်းပိုင်းခြားတယ် ကံ ကိုလည်းဖြတ်တယ်. . . (မှန်လှပါ)။

ဒုက္ခလည်း. . . (ပိုင်းခြားပါတယ်ဘုရား) မကောင်းတဲ့ကံတွေလည်း. . . (ဖြတ်ပါတယ်ဘုရား) ဒုက္ခကော. . . (ပိုင်းခြားပါတယ်ဘုရား) ဒုက္ခကိုလည်း ပိုင်ပိုင်နိုင်နိုင်သိတယ် သဘောကျပလား. . . (မှန်ပါ)။

ကံ တွေကိုလည်း. . . (ဖြတ်ပါတယ်ဘုရား) ဩော် . . . အရင်တုန်းက ဟောနေတာကတော့ ဒီလိုအကွက်ကျ မပြောတော့၊ မဂ်ကိုကံဖြတ်တယ်ဆိုတော့ ဩော်. . . ခင်ဗျားတို့ နောက်ကံမပေး နောက်အကျိုးပေးမပေးတာပဲလို့ မှတ်ထင်နေတယ်။

မဟုတ်ဘူးတဲ့ ဘုရားက ဒါတွေရှုလိုက်လို့ ရှိရင် ဒီကံတွေရှုလိုက်လို့ရှိရင် ကံနောက်က မဂ်ဝင်လာတော့ ကံ မဖြတ်ဘူးလား. . . (ဖြတ်ပါတယ်ဘုရား) ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဟာတွေ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ရှုလိုက်တော့ ဒုက္ခသစ္စာ. . . (မှန်ပါ) မရှုပဲထားလိုက်တော့ သမုဒယသစ္စာ၊ မရှုပဲထားရင် . . . (သမုဒယသစ္စာပါဘုရား)။

ဩော်. . . ရှုလိုက်ရင်. . . (ဒုက္ခသစ္စာပါဘုရား) မရှုပဲထားလိုက်လို့ရှိရင် သမုဒယသစ္စာဖြစ်သောကြောင့် ဒကာဒကာမတွေ ဒုက္ခသစ္စာလာမယ်. . . (မှန်လှပါဘုရား)။

ရှုလိုက်လို့ရှိရင် ဒုက္ခသစ္စာဖြစ်သောကြောင့် ဒီဘက်က လာလတ္တံ့ ဒုက္ခသစ္စာတွေဘာတုံး. . . (ချုပ်သွားပါတယ် ဘုရား) မချုပ်ပေဘူးလား. . . (ချုပ်ပါတယ် ဘုရား)။

## မရှိဘူးလို့သိအောင်လုပ်ပါ

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ လောဘပေါ်လာလည်း မရှိဘူးသိအောင်လုပ် ဟုတ်လား၊ ဣဿာ ပေါ်လာရင်ကော. . . (မရှိဘူးသိအောင်လုပ်ပါဘုရား)။

မစ္ဆရိယ ဝန်တိုတဲ့စိတ်ကလေး ပေါ်လာရင်ကော. . (မရှိဘူးသိအောင်လုပ်ပါဘုရား) မရှိဘူးသိအောင်လုပ်လိုက်တဲ့အခါကျတော့ သေနာပေါ်တာနဲ့ သေတာမှတစ်ပါး ဘာများရှိသေးသတုံး. . . (ဘာမှမရှိပါဘူးဘုရား)။

ဩော်. . . အလုံးစုံဒုက္ခသစ္စာကြီးလို့ ဆုံးဖြတ်ချက် မချနိုင်ဘူးလား. . . (ချနိုင်ပါတယ်ဘုရား) ဒါဖြင့် ဒုက္ခသစ္စာကဆင်းရဲတာ အမှန်. . . (မှန်ပါ) မဂ္ဂသစ္စာက ဆင်းရဲတာကို အမှန်သိတဲ့ တရားအမှန် သဘောကျပလား. . . (ကျပါတယ် ဘုရား)။

ဆင်းရဲစစ်ကိုဘာတုံး. . . (အမှန်သိတာပါဘုရား) ဆင်းရဲစစ်ကို အမှန်သိတာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ ဘုရား) ဆင်းရဲတာက. . . (ဒုက္ခသစ္စာ) ဆင်းရဲကြောင်းကို

အမှန် သိတာက. . . (မဂ္ဂသစ္စာပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

## သိတာလေးလိုက်လိုက်ပေး

အဲဒီတော့ ဒကာဒကာမတို့ ဆင်းရဲတာကို အမှန် သိတာက. . . (မဂ္ဂသစ္စာပါဘုရား) ဆင်းရဲနေတာက. . . (ဒုက္ခသစ္စာပါဘုရား) ဆင်းရဲတာ အမှန်သိတာက. . . (မဂ်သစ္စာပါဘုရား)။

အဲတော့. . . ခန္ဓာထဲမှာ ဘာပေါ်ပေါ် ဆင်းရဲတာ အမှန်ပေါ်ရမယ် အဲဒါခင်ဗျားတို့ ဆရာဘုန်းကြီးက စိုးရိမ်လို့ သတိပေးချင်တာက ဆင်းရဲတာအမှန် ပေါ်တိုင်းပေါ်တိုင်း ဆင်းရဲတာအမှန်လို့သိတာလေး လိုက်လိုက်ပေး၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## သောတာပတ္တိမဂ်ဆိုတာ

ဆင်းရဲတာအမှန်ပေါ်တိုင်းပေါ်တိုင်း၊ ဆင်းရဲတာ အမှန်သိတာလေး လိုက်လိုက်ပေး. . . (မှန်လှပါ) ထိုကဲ့သို့ လိုက်ပေးလို့ ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ ဒီသစ္စာတွေလည်း အကုန်သိတဲ့ အတွက်တဲ့ ဒီသောတာပတ္တိမဂ် ဆိုတာသူ့ကို ဆိုတာပဲ။

ဆင်းရဲတာ အမှန်သာ တကယ်တမ်း ဆုံးဖြတ်ချက်ချ၊ သူဟာ မင်္ဂလာပဲ ရိပ်မိပလား. . . (ရိပ်မိပါတယ် ဘုရား) အပါယ်လေးပါး တံခါးပိတ်တယ်လို့ မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

ဒီဇာတိ ဇရာ မရဏာမှမလာပဲ ခန္ဓာမှ မပေါ်ဘဲနဲ့ အပါယ်ဒယ်အိုး တွေဟာ ဟောင်းလောင်းဖြစ်ရုံပဲရှိမယ် ခန္ဓာက ကျစရာမရှိဘူး. . . (မှန်လှပါဘုရား) ရှိသေးရဲ့. . . (မရှိပါဘူး)။

သူကဖြတ်ထားပြီ. . . (မှန်လှပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား) အဲတော့ ဒယ်အိုးတွေ ရှိတယ် ထားပါဦး၊ ဒယ်အိုးတွေထဲမှာ ကျပ်တို့သွားမယ့် ပုဂ္ဂိုလ်ကော ရှိပါသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဟိုထမင်းချက်မလို့ စောင့်နေတာ၊ ဆန်မှမရှိတဲ့အိမ် ရေနွေးဆူနေနေ အလကားပါပဲ. . . (မှန်လှပါ) သဘောကျပလား. . . (မှန်လှပါ)။

## ဆန်မရှိရင်ထမင်းမဖြစ်

ဆန်မရှိတော့ကို ထမင်းချက်ဖို့ ရေနွေးဆူနေငြားသော်လည်း ဒကာဒကာမတို့ ထမင်းဖြစ်ပါ့မလား. . . (မဖြစ်ပါဘူးဘုရား) ဘာဖြစ်လို့မဖြစ်တာတုံး. . . (ဆန်မရှိလို့ပါဘုရား)။

ဒီမှာလည်း ဆန် ဆိုတဲ့ ခန္ဓာကမရှိတော့ဘူး၊ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) ဆန် ဆိုတဲ့ခန္ဓာမရှိတော့ ဒယ်အိုးတွေက ဘယ်လိုပဲ ရှိနေနေ၊ ငရဲမီးတွေတဟုန်းဟုန်း တောက်ပြီးသကာလ ရှိနေစေကာမူ ခင်ဗျားတို့ ဆန် တည်းဟူသော ခန္ဓာကမလာတဲ့အတွက် အင်း. . . ဒို့ အပါယ်လေးပါး တံခါးပိတ်ပြီဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## မဂ်သည်(၄)ကိစ္စလုပ်တယ်

ကိုင်း. . . မဂ်သည် ဒုက္ခလည်းပိုင်းခြားတယ်၊ သမုဒယလည်း ပယ်တယ်၊ ကံလည်း ဖြတ်တယ် ရှင်းပလား . . . (မှန်လှပါ)။

နောက်ဟာတွေ နိရောဓဆိုတော့ ဒုက္ခတွေကောလာသေးရဲ့လား. . . (မလာပါဘူးဘုရား) ဒါဖြင့် ဒုက္ခနိရောဓေါကော မဂ်က မလုပ်ဘူးလား. . . (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် မဂ် ဘယ်နှယ်ကိစ္စတုံးမေးရင် လေးကိစ္စ၊ ဒုက္ခ ပိုင်းခြားတာလည်း သူပဲ၊ သမုဒယပယ်တာလည်း. . . (သူ့ ကိစ္စပါဘုရား) သူ့ကိစ္စပဲဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

သူဟာ သူကိုယ်တိုင် ခဏခဏလိုက်နေရသည် ဖြစ်လေသောကြောင့် သူပွားများတဲ့ကိစ္စ၊ ဒီနောက်ကလည်း သူ

လိုက်တာပဲ၊ ဒီနောက်ကလည်းသူလိုက်တာပဲ သူဟာ ခဏခဏပေါ်တတ်တဲ့ သဘောမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒါ ပွားများခြင်းကိစ္စဆိုတာဒါပဲ၊ ဒီမှာလည်းပေါ်လိုက်တယ် ဒီမှာလည်းပေါ်လိုက်တယ် မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)

## မဂ်ကပွားတော့ခန္ဓာချုပ်တယ်

ဒါပွားများတဲ့ကိစ္စဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား) အင်း. . . သူပွားများလိုက်တဲ့အတိုင်း နောက်က ခန္ဓာနိရောဓာတော့ မလာဘူးလား. . . (လာပါတယ်ဘုရား) ခန္ဓာကော မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

အဲဒါ. . . နိရောဓသစ္စာလေ. . . (မှန်လှပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ ဝိမုတ္တာယတနသုတ် ကို ဟောလိုက်သဖြင့် ဒိဋ္ဌိကလည်း ပြုတ်ပြီးသားဖြစ်နေတယ် . . . (မှန်ပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)

ကဲ ယနေ့ ဒီတွင်နားပါဦး. . .

သာဓု. . . သာဓု. . . သာဓု. . .